# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၂)၊ အမှတ် (၃၄)


| နိုင်ငံရေးဦးတည်ချက်(၄)ရပ် | စီးပွားရေးဦးတည်ချက်(၄)ရပ် | လူမှုရေးဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး |

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**
**တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ**
**ထိန်းချုပ်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ**
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၈/၂၀၀၄)
၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေပုဒ်မ ၃၁ ၏ နောက်တွင် ပုဒ်မ ၃၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**စာမျက်နှာ ၃ ကော်လံ ၁** ✳

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်မည်

## နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်



**ရန်ကုန် နိုဝင်ဘာ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်၌ကျင်းပမည့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့တက်ရောက်ရန် ယနေ့

**စာမျက်နှာ ၃ ကော်လံ ၄** ✳

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်၌ကျင်းပမည့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန်ထွက်ခွာသွားသော ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်)

# ဆည်တမံအစုအဖွဲ့ များ တည်ဆောက်ဖော်ဆောင် ဒေသဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီးအဘက်ဘက်က ဖွံ့ဖြိုး တိုးတက်စေရန်အတွက် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုး တိုးတက်စေရန် အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက် ရာတွင် နိုင်ငံသူနိုင်ငံသားများ အများစုအသက်မွေးဝမ်းကျောင်းပြုသည့် စိုက်ပျိုးရေးလုပ်ငန်းများ ထိရောက်စွာ လုပ်ကိုင်နိုင်စေရန် စိုက်ပျိုးရေလိုအပ်နေသည့် နေရာဒေသများကို စဉ်ဆက်မပြတ် စူးစမ်းလေ့လာပြီး ရေလှောင်တမံစီမံကိန်းများကို နိုင်ငံတော်တစ်ဝန်း ဖြန့်ကြက်တည်ဆောက်ပေးလျက် ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးနိုင်မှုကြောင့် ယခုအခါ ဆည်မြောင်းတာတမံပေါင်း ၁၆၇ ခုနှင့် တည်ဆောက်ဆဲ၂၃ခုရှိနေပြီး မြစ်ရေတင်စီမံကိန်းပေါင်း၂၆၅ခုနှင့် စိုက်ပျိုးရေ ပေးနေဆဲအပြင် တည်ဆောက်ဆဲစီမံကိန်း၃၀တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပစ္စုပ္ပန် ကာလအတွက် သာမက အနာဂတ်ကာလအတွက်ပါ အကျိုးရလဒ်ကောင်းများ ပေါ်ထွက်နေပြီ ဖြစ်သည်။

ယင်းစီမံကိန်းများကြောင့် လယ်ယာမြေဧက သန်းနှင့်ချီ၍ စိုက်ပျိုးရေးပုံစံပြောင်းလဲသွားခဲ့ပြီး တစ်သီးစားမှ နှစ်သီး၊ သုံးသီးစိုက်ပျိုးနိုင်မှု အခွင့်အလမ်းများ ရရှိခဲ့ပေသည်။ ယင်းမှတစ်ဆင့် တိုးတက် ထွက်ရှိလာသည့် သီးနှံရိတ်သိမ်းရေး၊ သိုလှောင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ကြိတ်ခွဲရေး၊ ဖြန့်ဖြူးရေး ဖြစ်စဉ်များ ကျယ်ဝန်းများပြားလာပြီး အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့် ဒေသခံပြည်သူတို့၏ စီးပွားရေးဘဝကို မြှင့်တင်နိုင်သည့် အခြေအနေသစ်များကို ဖန်တီးဖော်ဆောင်နိုင်ခဲ့ပြီ ဖြစ်သည်။

လက်ရှိ ဖြစ်ထွန်းနေသည့် အခြေအနေကောင်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဖြစ်ပေါ် နေစေရန်အတွက် နိုင်ငံတော်က စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်း ပခုက္ကူခရိုင်အတွင်း ဒေသဆန်ဖူလုံရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သောက်သုံး ရေရရှိရေးအတွက် အောက်တိုဘာလ ၂၁ရက်နေ့က မြိုင်မြို့နယ်အတွင်းရှိ သစ်ကြီးတောကျေးရွာအနီးတွင် သစ်ကြီးတော ရေလှောင်တမံနှင့် ဒေါင်အိုကျေးရွာအနီးတွင် သီရိနန္ဒာရေလှောင်တမံတို့ကို ဖွင့်လှစ်ပေး နိုင်ခဲ့သည်။

သစ်ကြီးတောရေလှောင်တမံသည် မြိုင်မြို့နယ်အတွင်းရှိ ဆည်အုပ်စုအဖွဲ့ထဲမှ ဆည်ငယ်တစ်ခု ဖြစ်သည်။ မြေသားတမံ အုတ်စီရေထုတ်ပြွန် အမျိုးအစားဖြစ်ပြီး ရေသိုလှောင်မှု ပမာဏဧက ပေ၈၀၀ရှိ၍ စပါးစိုက်ဧက၇၅ဧကကို ရေပေးဝေနိုင်မည်ဖြစ်သည်။

သီရိနန္ဒာ ရေလှောင်တမံသည် မြေသားတမံ သံကူကွန်ကရစ်အမျိုးအစား ရေထုတ်ပြွန်ပါရှိပြီး ရေသိုလှောင်ထားနိုင်မှုပမာဏ ဧကပေ၈၂၀၀ရှိ၍ စိုက်ပျိုးရေးအတွက်သာမက ဒေသစိမ်းလန်း စိုပြည်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အထောက်အကူပြုမည့် ဆည်တမံဖြစ်သည်။

ယင်းသို့ ဒေသတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရန်အတွက် ဆည်များအစုအဖွဲ့အလိုက် တည်ဆောက်ပေးခြင်းကြောင့် စိုက်ပျိုးရေသာမက ပတ်ဝန်းကျင်အနေအထား ပြောင်းလဲပြီး သောက်သုံး ရေများရရှိကာ လူမှုစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းလာပြီ ဖြစ်သည်။

နိုင်ငံတော်မှ ဆည်တမံများ လစဉ်တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိသဖြင့် ရေရရှိမှုသည် တစ်ဆက်တစ်စပ်တည်းဖြစ်ပေါ်လာပြီး သစ်တောသစ်ပင် ပေါက်ရောက်မှုများကို များစွာ အကျိုး ဖြစ်ထွန်းစေမည် ဖြစ်သည်။

မိုးနည်းရေရှားသည့် အဆိုပါဒေသတွင် ယခုဖွင့်လှစ်ပေးခဲ့သည့် ရေလှောင်တမံနှစ်ခုကြောင့် ဒေသနေပြည်သူများ နွေရာသီရေခက်ခဲမှုမှ ကင်းဝေးစေခြင်း၊ ဒေသရှိ သဲချောင်းများ ရေတိုက်စား စီးဆင်းလာမှုနှင့် မိုးရေတိုက်စားမှုကြောင့် မြေဆီလွှာ ဆုံးရှုံးမှုမှ ကာကွယ်နိုင်ခြင်း၊ ဧရာဝတီမြစ်အတွင်း သဲသောင်ဖြစ်ထွန်းမှု၊ ရေလမ်းကြောင်းပိတ်ဆို့မှုတို့ကို လျော့ပါးစေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ဒေသခံပြည်သူများ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆည်တမံ အစုအဖွဲ့များကို တည်ဆောက်ဖော်ဆောင်ပေးလျက်ရှိသည့်နည်းတူ ဒေသခံပြည်သူများ အပိုင်းကလည်း ဒေသဖွံ့ဖြိုးတိုးတက်စေရေး၊ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်မြင့်မားစေရေး အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ကိုင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၃-၁၁-၂၀၀၄**
**(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Essential of a Valid Contract (ဒုတိယနှစ်၊ ဥပဒေ)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရေသူမလေးရဲ့အချစ်"** (အပိုင်း-၁၄)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်စား"** (အပိုင်း-၁၉)

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဘဏ္ဍာ/ အခွန် ဝန်ကြီးဗိုလ်ချုပ်လှထွန်းအား ဂျပန်ဧည့်သည်အဖွဲ့ တွေ့ဆုံနှုတ်ဆက်

**ရန်ကုန် နိုဝင်ဘာ ၂**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား Nippon Export and Investment Insurance၏ Vice Chairmanဖြစ်သူ Mr.Yukio Kitazomeသည် (NEXI) Director of Asset Planning Group ဖြစ်သူ Mr.Takekazu OKITAနှင့်အတူ နိုဝင်ဘာ ၁ရက် မွန်းလွဲ၂နာရီက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့်သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလည်း တက်ရောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**လမ်းမတော်မြို့နယ် ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံး ဌာနခွဲ(၁)၊(၂)၊(၃)မှ ကြီးမှူးကျင်းပသော ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ရက်က ကမ်းနားလမ်းနှင့် ဝါးတန်းလမ်းထောင့်ရှိ လမ်းမတော်မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံးတွင်ကျင်းပရာ အာစရိယရှစ်ဦးနှင့် သက်ကြီးဝန်ထမ်း ၁၄ဦးတို့အား ကုန်တင်ကုန်ချ ဝန်ထမ်းများက ကန်တော့ခံပစ္စည်းများ ပေးအပ်စဉ်။** (က-ပ)

## ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန် ပညာရေးတက္ကသိုလ် ဆင်း တပည့်များက ကြီးမှူးကျင်းပမည့် ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ၂၀၀၅ခုနှစ် ဇန်နဝါရီ၂၂ရက်(စနေနေ့)နံနက်၈နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဒေါ်ထူးထူးအောင် ဒုတိယပါမောက္ခချုပ် ရန်ကုန်ပညာရေး တက္ကသိုလ် ဖုန်း-၅၀၄၇၇၂၊ ဦးဝင်းကို ညွှန်ကြားရေးမှူး(ပညာ)အဆင့်မြင့်ပညာ ဦးစီးဌာန(အောက်မြန်မာပြည်) ဖုန်း-၅၀၃၁၄၇၊ ဦးကြည်သန်း ဦးစီးအရာရှိ ဦးစီး(၃) ဖုန်း-၂၁၂၉၆၉၊ ဒေါ်ကြူကြူရွှေ မြို့နယ်ပညာရေးမှူး ဗဟန်း ဖုန်း-၅၅၇၄၅၁နှင့် မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီ ဖုန်း-၆၆၀၅၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ **(က-ပ)**



**အောက်တိုဘာ ၂၅ ရက်က ဗဟန်းမြို့နယ် မြို့နယ်အဆင့် ကျန်းမာရေး အဆင့်မြင့်ကျောင်းထူထောင်ရေး ဆင့်ပွားနည်းပြသင်တန်းဖွင့်ပွဲနှင့် ကျောင်းကျန်းမာရေး စံပြကျောင်း ဆုပေးပွဲအခမ်းအနားကို အထက(၁)မိုးဦးပန်းခန်းမတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးထွန်းလှအောင် အမှာစကား ပြောကြားစဉ်။** (က-ပ)

### ✳ ရှေ့ဖုံးမှ

"၃၁-က။ မည်သူမဆို ဤဥပဒေအရပေးပို့သည့် သို့မဟုတ် ပေးပို့ရန်ရှိသည့် သတင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ သာမန်ထက်ပိုမိုထူးခြားသော သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းမှုအတွက် ပေးပို့သောသတင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဤဥပဒေအရ စုံစမ်းစစ်ဆေးသည့် သို့မဟုတ် စုံစမ်းစစ်ဆေးရန်ရှိသည့် သတင်း သို့မဟုတ် ကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ သတင်းပေးပို့ခြင်းနှင့် သက်ဆိုင်သူ သို့မဟုတ် အမှုသည်အပါအဝင် အခြားသူတစ်ဦးဦးကို ထုတ်ဖော်ပြောဆိုကြောင်း၊ ပြသကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အသိပေးကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

သို့ရာတွင် ဤပုဒ်မသည် အမှုစစ်အရာရှိ၊ ရှေ့နေရှေ့ရပ်၊ နိုတြီပဗ္ဗလစ်၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ၊ စာရင်းကိုင် သို့မဟုတ် အခြားပုဂ္ဂိုလ် တစ်ဦးဦးက ဥပဒေနှင့်အညီ ဆောင်ရွက်ရာတွင် အမှုသည်ကိုဖြစ်စေ၊ အခြားပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ တာဝန်အရ သတင်းအချက်အလက် သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို ထုတ်ဖော်ပြောဆိုခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။"

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

### ✳ ရှေ့ဖုံးမှ

နံနက်၉ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ နန်နင်းမြို့သို့ ထွက်ခွာသွားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေါင်းဆောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

#### လိုက်ပါသွား

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်၌ကျင်းပမည့် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီးဆွေးနွေးပွဲတက်ရောက်ရန်ထွက်ခွာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံတမန်အဖွဲ့ ခေါင်းဆောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် ရန်ကုန်မြို့ ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)



## ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော် တန်ဆောင်တိုင်ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂**

နှစ်စဉ်ကျင်းပပြုလုပ်မြဲ ညောင်ဦးမြို့ သမိုင်းဝင်ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ တန်ဆောင်တိုင်ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို အစဉ်အလာမပျက် ပျော်ပွဲရွှင်ပွဲများဖြင့် (တန်ဆောင်မုန်းလဆန်း ၈ရက်) နိုဝင်ဘာ ၁၉ရက်မှ ဒီဇင်ဘာ ၁၁ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ရာ ဈေးဆိုင်ခန်းထွက်လိုသူများ ရောင်းချမည့် ကုန်ပစ္စည်းအမျိုးအမည်များကို ဖော်ပြ၍ ဆိုင်ခန်းကျသင့်ငွေများကို တစ်ပါတည်းပေးသွင်းရမည်ဖြစ်ပြီး ဈေးဆိုင်ဟောင်းများက နိုဝင်ဘာ ၁၁ရက် နောက်ဆုံးထားတင်သွင်းကြရမည်ဖြစ်သည်။

ဓာတ်၊အငြိမ့်ထည့်သွင်းလိုသည့် ကန်ထရိုက်များအမြန်လာရောက်၍ ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ညောင်ဦးမြို့ ဖုန်း-၀၂-၆၇၀၆၃ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

## နတ်မောက်အထက(တန်းမြင့်ကျောင်း) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂**

မကွေးတိုင်း နတ်မောက်မြို့ အထကတွင် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၆ ခုနှစ် ပညာသင်နှစ်အတွင်း သင်ကြားခဲ့သော ဆရာဆရာမများအား အဆိုပါစာသင်နှစ်အတွင်း သင်ယူခဲ့သော တပည့်ကျောင်းသား ကျောင်းသူဟောင်းများမှ ဦးစီး၍ ဒုတိယအကြိမ်မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ရက်တွင် ကျင်းပမည်ဖြစ်သည်။

#### ဖိတ်ကြားထား

ပူဇော်ပွဲဖြစ်မြောက်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၇ရက်(စနေနေ့)တွင် အဆိုပါကျောင်းခန်းမတွင် ကျင်းပမည်ဖြစ်ရာ တပည့်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

#### လှူဒါန်းနိုင်

မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးကျော်စိုးဝင်း ပညာရေးမှူးရုံး နတ်မောက်မြို့၊ ဦးဝင်းဇော်သိန်း ငွေဇင်ယော် ပဲကြော်/ပဲလှော် နတ်မောက်မြို့၊ ဦးကျော်လွင် ဆန်ကုန်သည် နတ်မောက်မြို့၊ ဒေါ်ဆွေဆွေမြင့် ကြည်စားသောက်ဆိုင် နတ်မောက်မြို့၊ ဦးခိုင်ထွေး ရန်ကုန်မြို့ ဖုန်း-၃၇၉၅၈၁၊ ၀၉-၈၀-၂၂၁၈၃ နှင့် ဗိုလ်ကြီးအောင်ကျော်ထွန်း တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၄၁၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၃-၁၁-၂၀၀၄**
**(ဗုဒ္ဓဟူးနေ့)**
**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော် |
| ၇း၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၅ | ၆။ | မြူးမြူးကြွကြွ ယဉ်ကျေးမှုအက |
| ၈း၁၀ | ၇။ | အဆိုပြိုင်ပွဲ |
| ၈း၂၀ | ၈။ | ရွှေလီတံတား |
| ၈း၃၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | Let's Go |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ |
| ၁၆း၃၀ | ၃။ | Practice in Reading. |
| ၁၆း၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇း၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ) |
| ၁၇း၁၅ | ၆။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၁၇း၃၀ | ၇။ | လက်ဆင့်ကမ်းပေး ဂီတတေး |
| ၁၇း၄၀ | ၈။ | ဂီတမဟာပျော်စရာ |
| ၁၇း၅၀ | ၉။ | စက်မှုတပ်ဆင်လုပ်ငန်းခွင် (အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း) |
| ၁၇း၅၅ | ၁၀။ | မြန်မာစာ မြန်မာစကား |
| ၁၈း၁၀ | ၁၁။ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၈း၂၀ | ၁၂။ | Discovery. |
| ၁၈း၃၀ | ၁၃။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၄။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၅။ | တေးဂီတအစီအစဉ် |
| ၁၉း၂၀ | ၁၆။ | ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ |
| ၁၉း၃၅ | ၁၇။ | တေးဂီတအစီအစဉ် |
| ၂၀း၀၀ | ၁၈။ | ပြည်တွင်းသတင်း |
| | ၁၉။ | နိုင်ငံတကာသတင်းများ |
| | ၂၀။ | မိုးလေဝသအခြေအနေ |
| | ၂၁။ | **၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ** |
| | ၂၂။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၃။ | အစီအစဉ်ပြီး၏။ |

## နှစ်လယ်ရတနာပြပွဲ စတုတ္ထနေ့ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲ ၇၁၇တွဲ အပြိုင်အဆိုင်ဝယ်ယူ

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၄ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက် ရတနာပြပွဲတွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ညနေ ၅နာရီမှ ည၁၁ နာရီ၄၅ မိနစ်အထိဈေးပြိုင်စနစ်ဖြင့်ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၄၄တွဲကို ရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူကြသည်။ ယမန်နေ့တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲပေါင်း ၉၀ ရောင်းချရသည်။

#### ကျောက်စိမ်းအတွဲဝယ်ယူ

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ကျောက်စိမ်းအတွဲများ စတင်ရောင်းချသည့် အောက်တိုဘာ ၃၀ရက်မှ နိုဝင်ဘာ၁ ရက်ညပိုင်းအထိ ၃ ရက် အတွင်း ကျောက်စိမ်းအတွဲစုစုပေါင်း ၇၁၇ တွဲကို ရတနာကုန်သည်များက ဝယ်ယူသွားကြသည်။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင် သတ္တုတွင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးစိုးမြက ကျောက်စိမ်းအတွဲများကို တန်ဖိုးအများဆုံးဝယ်ယူသည့် ရတနာကုန်သည်တစ်ဦးအား ဂုဏ်ပြုအမှတ်တရလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်သည်။

#### အပြိုင်အဆိုင်ဝယ်ယူ

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲအစီအစဉ်အရ စတုတ္ထနေ့အဖြစ် ယနေ့နံနက် ၉ နာရီမှစတင်၍ ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချရာ ညနေ၅နာရီတွင် ကျောက်မျက်အတွဲပေါင်း ၂၇ တွဲကို ရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူကြသည်။

နိုဝင်ဘာ ၃ ရက်တွင် ကျောက်မျက်အတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**



**တရုတ်နိုင်ငံ ဂျူကွမ်းဂြိုဟ်တုလွှတ်တင်ရေးဌာန၌တရုတ်နိုင်ငံ၏ ဒုတိယမြောက် အာကာသသို့ လူလိုက်ပါပျံသန်းမည့် ဂြိုဟ်တုကို နိုဝင်ဘာ၁ရက်က တွေ့ရစဉ်။** (အဆိုပါဂြိုဟ်တုသည် လာမည့်နှစ်တွင် အာကာသယာဉ်မှူး နှစ်ဦး လိုက်ပါကာ ကမ္ဘာကို ငါးရက်ကြာ လှည့်ပတ်မည်ဖြစ်ကြောင်း သိရသည်။) **(ဓာတ်ပုံ–အင်တာနက်)**

# အိန္ဒိယ–ဂျပန် ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်မည်

တိုကျို နိုဝင်ဘာ ၁

**နှစ်နိုင်ငံ ပါလီမန်များအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် အပြန်အလှန်စိတ်ဝင်စားဖွယ်ကိစ္စရပ်များကို အိန္ဒိယအောက်လွှတ်တော်အမတ်ဆွမ်နတ်ချက်တာဂျီးသည် တနင်္လာနေ့တွင် ဂျပန်နိုင်ငံသို့ ခရီးရောက်ရှည် သွားရောက်စဉ်အတွင်း ထိပ်တန်းခေါင်းဆောင်များနှင့်အတူ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။**

တနင်္လာနေ့က ဂျပန်နိုင်ငံသို့ရောက်ရှိခဲ့သောချက်တာဂျီးသည် ဂျပန်ဝန်ကြီးချုပ် ဂျွန်နီချီရောကိုအိဇုမိအပါအဝင် ဂျပန်ထိပ်တန်းခေါင်းဆောင်များထံသွားရောက်လည်ပတ်ရန် စီစဉ်ထားကြောင်း၊ နှစ်နိုင်ငံအကြား အဓိကဆက်ဆံရေး တိုးမြှင့်ရန် အထောက်အကူဖြစ်လိမ့်မည်ဟု မျှော်လင့်ရကြောင်း သက်ဆိုင်ရာ သတင်းရပ်ကွက်က ပြောကြားသည်။

**သဘောတူညီ**

ယင်းသွားရောက်လည်ပတ်မှုသည် နယူးဒေလီနှင့် တိုကျိုတို့အကြား ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ဖြစ်လာစေရန် အပြန်အလှန်ထောက်ခံမှုကို သဘောတူညီခဲ့ကြပြီးနောက် ပထမဆုံးအကြိမ်အဖြစ် အိန္ဒိယအဆင့်မြင့် အရာရှိတစ်ဦး တိုကျိုသို့လာရောက်ခြင်းဖြစ်သည်။

ချက်တာဂျီးသည် ကိုအိဇုမိနှင့်တွေ့ဆုံမည့် အင်္ဂါနေ့ ခရီးစဉ်သည် အရေးအကြီးဆုံးဆွေးနွေးပွဲ ဖြစ်သည်။

**အမြင်ချင်းဖလှယ်**

နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံကိစ္စရပ်များနှင့် အခြားသောဘုံကိစ္စရပ်များကို အမြင်ချင်းဖလှယ်ကြမည်ဟု မျှော်လင့်ရကြောင်း အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။

**ဆွေးနွေးကြမည်**

ပူးတွဲ ပါလီမန်ကိုယ်စားလှယ်တစ်ဦးကို ခေါင်းဆောင်လာသော ချက်တာဂျီးသည် ၎င်း၏အဆင့်တူ ဂျပန်အမတ် ယိုဟီးကိုနိုနှင့် တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံ ပါလီမန်များအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ဆွေးနွေးကြမည်ဖြစ်ကြောင်း ၎င်းသတင်းရပ်ကွက်က ပြောကြားသည်။

**အမ်အင်အေ၊ ပီတီအိုင်**

# ပတ်ဝန်းကျင်အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး သိပ္ပံသုတေသနဌာနများသို့ ဟောင်ကောင် ဆက်လက်ကူညီမည်

**ဟောင်ကောင် အောက်တိုဘာ ၂၉**

ဟောင်ကောင်အစိုးရသည် သိပ္ပံသုတေသနရှာဖွေရေးဌာနများသို့ ပတ်ဝန်းကျင်အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ထိပ်တန်းတာဝန်ရှိသူတစ်ဦးဖြစ်သူ ဂျွန်တီဆန်က ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

အစိုးရသည် ဒေသအခြေစိုက်များနှင့် အသုံးချသိပ္ပံသုတေသနစီမံကိန်းများ၊ အထူးသဖြင့် တက္ကသိုလ်ဂရင့်ကော်မတီ(ယူဂျီစီ)နှင့် တီထွင်မှုနှင့် နည်းပညာရန်ပုံငွေ အသီးသီးသို့ ပံ့ပိုးကူညီရေးအတွက် ခွင့်ပြုခဲ့ကြောင်း ဥပဒေပြုကောင်စီအစည်းအဝေးတွင် ၎င်းက ပြောသည်။

လွန်ခဲ့သည့် သုံးနှစ်က ဒေသခံ ပုဂ္ဂလိကလုပ်ငန်းဌာနများနှင့် ကုသိုလ်ဖြစ်အဖွဲ့အစည်းများက ယူဂျီစီသို့ စုစုပေါင်း ဟောင်ကောင်ဒေါ်လာ ၄၉၅ ဒသမ ၄ သန်း(အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၅ သန်း)လှူဒါန်းခဲ့ကြောင်း တီဆန်က ပြောသည်။

ယခုကာလတွင် အစိုးရက သိပ္ပံ သုတေသနလုပ်ရှားမှုဌာနများသို့ ဟောင်ကောင်ဒေါ်လာ ၁၃ ဒသမ ၄၁၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၂ ဘီလီယံ)ပါဝင်ပူးပေါင်း ပေးအပ်ခဲ့သည်။

**ပိုမိုကြိုးပမ်းဆောင်ရွက်သွားမည်**

လာမည့်သုံးနှစ်အတွင်း သိပ္ပံသုတေသနရှာဖွေရေးဌာနများ တိုးမြှင့်ရေးနှင့် အရေးပါသော ရန်ပုံငွေစီမံကိန်းဌာနများနှင့် အခြေခံအဆောက်အအုံစီမံကိန်းဌာနများ တိုးမြှင့်တည်ဆောက်ရေးအတွက် ပိုမိုကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တီဆန်က ပြောသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# စင်ကာပူနည်းပညာလုပ်ငန်းများ အိန္ဒိယ၌ ပိုမိုထူထောင်သွားမည်

**နယူးဒေလီ နိုဝင်ဘာ ၁**

စင်ကာပူနိုင်ငံက ပူးပေါင်းဆောင်ရွက်မှုအဖြစ် အိန္ဒိယနိုင်ငံတွင် နည်းပညာလုပ်ငန်းများ ပိုမိုထူထောင်သွားလိုကြောင်း နယူးဒေလီသို့အလည်အပတ် ရောက်ရှိနေသော စင်ကာပူဒုတိယဝန်ကြီးချုပ်တိုနီတန်က စနေနေ့၌ ပြောကြားသည်။

အိန္ဒိယနှင့်စင်ကာပူအကြား ကုန်သွယ်ရေးနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် လာမည့်နှစ်များအတွင်း ခုန်တက်၍ တိုးတက်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတာကာပြည်နယ်၌ စင်ကာပူနှင့်အိန္ဒိယ ဖက်စပ်တည်ထောင်ထားသည့် အင်တာတာနေ့ရှင်နယ်တက်ခ်ပတ်လီမိတက်(အိုင်တီပီအယ်လ်) ဖွင့်ပွဲအခမ်းအနားပြီးနောက် တိုနီ၏ ပြောကြားချက်ကို အင်ဒို–အာရှ သတင်းဌာနက ကိုးကားဖော်ပြသည်။

အိုင်တီပီအယ်လ်သည် စင်ကာပူနိုင်ငံ၏ ထောက်ပံ့မှုနှင့်အတူ အိန္ဒိယနိုင်ငံတွင် လာမည့်စက်မှုလုပ်ငန်းများအနက် ပထမဆုံးတစ်ခုဖြစ်ကြောင်း တိုနီကပြောကြားသည်။

အဆိုပါကုမ္ပဏီက စုစုပေါင်း စတုရန်းပေနှစ်သန်းခန့်မြေပေါ်တွင် စက်ရုံများ တည်ဆောက်ရန်ကမ်းလှမ်းထားကြောင်း၊ကမ္ဘာနှင့်အိန္ဒိယပြည်သူ ၁၅၀၀၀ ခန့်တို့က အဆိုပါကုမ္ပဏီတွင် အဆင့်မြင့်နည်းပညာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

**မြန်မာ့အလင်း**

# နိုင်ငံတကာ သတင်းများ

# နိုင်ငံတကာ သိပ္ပံဆိုင်ရာရုပ်ရှင်ပွဲတော် ပေကျင်းမြို့၌ မကြာမီ ကျင်းပမည်

ပေကျင်း နိုဝင်ဘာ ၁

**နိုင်ငံတကာသိပ္ပံဆိုင်ရာ ရုပ်ရှင်ပွဲတော် – ၂၀၀၄ ကို နိုဝင်ဘာ၈ရက်မှ ၁၂ရက်အထိ ပေကျင်း၌ ကျင်းပမည်ဖြစ်ကြောင်း စည်းရုံးဆောင်ရွက်သူများအဖွဲ့က လွန်ခဲ့သည့် ရက်သတ္တပတ်က ကြေညာခဲ့သည်။**

တရုတ်သိပ္ပံနှင့် နည်းပညာအသင်းနှင့် ရေဒီယို၊ရုပ်ရှင်နှင့် ရုပ်မြင်သံကြားဆိုင်ရာ နိုင်ငံတော်စီမံခန့်ခွဲရေးအဖွဲ့က ပူးပေါင်းကမကထပြုသည့် ပွဲတော်စည်းရုံးလှုပ်ရှားသူများအဖွဲ့သည် နိုင်ငံပေါင်း ၁၉ နိုင်ငံရှိ ထုတ်လုပ်ရေးကုမ္ပဏီ ၇၉ ခုမှ ရုပ်ရှင်၁၈၄ ကားကို ရွေးချယ်ခဲ့သည်။အဆိုပါ ရုပ်ရှင်အားလုံးသည် ၂၀၀၂ ခုနှစ် နောက်ပိုင်း ထုတ်လုပ်ခဲ့သော ရုပ်ရှင်များဖြစ်သည်။

**ပဏာမရွေးချယ်**

ထင်ပေါ်ကျော်ကြားသည့် သိပ္ပံပညာရှင်များနှင့် ရုပ်ရှင်ထုတ်လုပ်သူများပါဝင်သော ကျွမ်းကျင်သည့် အဖွဲ့သည် အကောင်းဆုံးဆုနှင့် အခြားဆုများအတွက် ရုပ်ရှင် ၆၈ ကားကို ပဏာမရွေးချယ်ထားသည်။

ရုပ်ရှင်ကားအများစုသည် သိပ္ပံနှင့်နည်းပညာ တိုးတက်ရေးအတွက်ဖော်ပြထားခြင်းဖြစ်ကြောင်း စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌကြားရေးမှူး ဇိုဇီဇင်က ပြောသည်။

တရုတ်နှင့်ဗြိတိန်နိုင်ငံသည် အဆိုပါရုပ်ရှင်ပွဲတော်သို့ ရုပ်ရှင် ၁၀ကားစီတင်သွင်းခဲ့ပြီး အခြားနိုင်ငံများထက် ပိုများခဲ့သည်။

ပွဲတော်တွင် ကျွမ်းကျင်သူ ကိုးဦးက သိပ္ပံနှင့်သိပ္ပံဆိုင်ရာ ရုပ်ရှင်များနှင့် ပတ်သက်၍ မိန့်ခွန်းပြောကြားကြမည်ဖြစ်ကြောင်း ဇိုကပြောသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဝန်းကျင် ယိုယွင်းပျက်စီးမှု ထိန်းသိမ်းစောင့်ရှောက်ရေး တရုတ်နိုင်ငံ ပိုမိုကြိုးပမ်း လုပ်ဆောင်သွားမည်

ပေကျင်း နိုဝင်ဘာ ၁

**တရုတ်နိုင်ငံသည် တရုတ်နိုင်ငံ နှင့် ကမ္ဘာ့နှစ်ရပ်လုံးတွင် ဖွံ့ဖြိုးတိုးတက်ရေး ထိန်းသိမ်းကူညီပေးရန် နိုင်ငံ၏ ယိုယွင်းပျက်စီးနေသော ပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရေးအစီအမံများ ပိုမိုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ် ကျန်ပီယန်က ပေကျင်းမြို့၌ တနင်္လာနေ့တွင် ပြောကြားလိုက်သည်။**

တရုတ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများသည် ပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်းနှင့် လူဦးရေတို့ကြောင့် ပတ်ဝန်းကျင်နှင့် ရင်းမြစ်များမှ ဖိအားကြီးလေးလာမှုများ တိုးပွားလာခြင်းကို ရင်ဆိုင်နေရကြောင်း ကျန်က ပြောကြားသည်။

တရုတ်နိုင်ငံသည် သိပ္ပံဆိုင်ရာ တိုးတက်ရေးနှင့် ပြန်လည်အသုံးပြုသည့် စီးပွားရေးအပေါ် အမှီပြု၍ တရားဝင်မှုဘောင်တစ်ရပ်ကို ချမှတ်ဆောင်ရွက်ခြင်းဖြင့် ရင်းနှီးကျွမ်းဝင်သော လူ့ပတ်ဝန်းကျင်ကို တည်ထောင်လိမ့်မည် ဖြစ်ကြောင်း ၎င်းက ကတိပြုပြောကြားလိုက်သည်။

အဆိုပါ ဒုတိယဝန်ကြီးချုပ်က နိုင်ငံ၏ ပတ်ဝန်းကျင် ယိုယွင်းမှု တိုက်ဖျက်ရာတွင် အဓိက လုပ်ငန်းဆောင်တာကြီး လေးရပ်ကို လမ်းညွှန်ထားသည်။ ၎င်းတို့မှာ စီးပွားရေးဆိုင်ရာ တည်ဆောက်မှုများ ညှိနှိုင်းဆောင်ရွက်ရေး၊ မြစ်နှင့်ကန်များတွင် ညစ်ညမ်းမှုများ ထိန်းချုပ်ရေး၊ အလွန်ညစ်ညမ်းသော လုပ်ငန်းများ ပိတ်ပစ်ပြီး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးတို့ ပါဝင်သည်။

ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအတွက် တရုတ်ကောင်စီ နှစ်ပတ်လည် အစည်းအဝေးပိတ်ပွဲတွင် ကျန်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

**အမ်အင်အေ၊ ဆင်ဟွာ**

**ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဖိလစ်ပိုင် ဆောက်လုပ်ရေးဝန်ထမ်းများက အဆောက်အအုံတစ်ခုတည်ဆောက်လျက်ရှိသည်ကို နိုဝင်ဘာ ၁ ရက်က တွေ့ရစဉ်။** (ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးပြန်လည်ကောင်းမွန်လာခြင်းကို ပြသနေခြင်း ဖြစ်သည်။) **(ဓာတ်ပုံ–အင်တာနက်)**





## ဘဂ္ဂဒက်တောင်ဘက်ရှိ ဗြိတိသျှစစ်အခြေစိုက်စခန်း စိန်ပြောင်းကျည်ထိမှန်

ဘဂ္ဂဒက် နိုဝင်ဘာ ၁

**ဘဂ္ဂဒက်တောင်ဘက်ရှိ ဗြိတိသျှစစ်အခြေစိုက်စခန်းတစ်ခုအား တနင်္ဂနွေနေ့က စိန်ပြောင်းကျည်နှစ်လုံးထိမှန်ခဲ့ရာ ထိခိုက်သေဆုံးမှု မရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ထိုစစ်အခြေစိုက်စခန်းသို့ ဗြိတိသျှတပ်ဖွဲ့ဝင်များ မကြာသေးမီက ရောက်ရှိလာခဲ့ကြသည်ဟု သိရသည်။**

စိန်ပြောင်းကျည်နှစ်လုံးသည် ယနေ့နံနက်ပိုင်း၌ စစ်အခြေစိုက်စခန်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သော်လည်း ပျက်စီးဒဏ်ရာရမှုမရှိကြောင်း ဗြိတိသျှစစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး ချားလ်စ်မေယိုက ပြောကြားသည်။

### ရောက်ရှိ

အဆိုပါ ကင့်မ်ဒေါ့ခ်ဝုဒ် စစ်အခြေစိုက်စခန်းသည် အီရတ်ခုခံတိုက်ခိုက်ရေးသမားများရှိရာ မာမူဒီယာမြို့၏ အနောက်ဘက်တွင် တည်ရှိသည်။ ယင်းအခြေစိုက်စခန်းသို့ ဗြိတိသျှ ဘလက်ခ်ဝပ်ချ်တပ်ရင်းမှ တပ်ဖွဲ့ဝင် ၈၅၀ ခန့်နှင့် အထောက်အကူပြု တပ်ဖွဲ့ဝင်များသည် သောကြာနေ့က ရောက်ရှိလာခဲ့ကြသည်။

အီရတ်နိုင်ငံ၌ရှိသော ဗြိတိသျှတပ်ဖွဲ့ဝင် ၈၅၀၀သည် အီရတ်နိုင်ငံတောင်ပိုင်းရှိ ဘာဆာရာမြို့တွင် ရုံးစိုက်ထားသည်။ **(အင်တာနက်)**

**မြန်မာ့အလင်း**

**နိုင်ငံတကာသတင်းများ**

## ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး ဘာဆာရာမြို့ စစ်အခြေစိုက်စခန်းတွင်သေဆုံး

လန်ဒန် နိုဝင်ဘာ ၁

**ဘာဆာရာရှိ စစ်အခြေစိုက်စခန်းတစ်ခုတွင် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးလျက်ရှိသည်ကို တွေ့ရှိရကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန (အမ်အိုဒီ)က တနင်္ဂနွေနေ့တွင် ပြောကြားသည်။**

ယင်းကိစ္စကို စုံစမ်းစစ်ဆေးဆဲရှိသော်လည်း ရန်သူတစ်စုံတစ်ဦး၏ လက်ချက်ဖြစ်သည်ဆိုသည်ကို မယုံကြည်ကြောင်း အမ်အိုဒီက ပြောကြားသည်။

### ထုတ်ပြန်မည်မဟုတ်

အလောင်းကို အီရတ်နိုင်ငံတောင်ပိုင်း အခြေစိုက်စခန်း၌ တနင်္ဂနွေနေ့နံနက်က တွေ့ရှိခဲ့ခြင်းဖြစ်သော်လည်း ဆွေမျိုးသားချင်းတစ်ဦးဦး၏ အတည်ပြုချက်မရရှိမီ အမည်ကို ထုတ်ပြန်မည်မဟုတ်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အခြားတစ်ဦးအဖြစ် အသက်(၂၇)နှစ်ရှိ မိုက်ကယ်ဟာလေးဆိုသူသည်ရန်သူ၏လက်ချက်ကြောင့် မဟုတ်ဘဲ ဘာဘီလ် ပြည်နယ်သို့ ၎င်း၏သံချပ်ကာယာဉ်ကိုမောင်း၍ ပြန် လှည့်လာစဉ် မတော်တဆ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ ၎င်းမှာ အီရတ်တွင် တပ်ဖွဲ့များပြောင်းရွှေ့ချထားစဉ်တွင် တံတားတစ်ခုကိုဖြတ်ရာ၌ ယာဉ်ချော်ကျ၍ သေဆုံးခဲ့ခြင်းဖြစ်ပြီး အခြားသုံးဦး ဒဏ်ရာရရှိခဲ့သော်လည်း အဆိုပါ မတော်တဆမှုဖြစ်ပွားပြီးနောက် မကြာမီ လုပ်ငန်းခွင် ပြန်ဝင်ခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ပ်ဟွာ**

### သယ်ဆောင်

**ရာမာဒီမြို့တွင် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများနှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား ရဟတ်ယာဉ်ပေါ်သို့ သယ်ဆောင်နေသည်ကို နိုဝင်ဘာ ၁ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

## နိုဝင်ဘာ ၁ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၂၂ဦး ရှိသွားပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၂

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။**

ထိုသို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။

နိုဝင်ဘာ ၁ရက် တနင်္လာနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၁၂၂ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၈၅၈ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။

### သေဆုံး

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၀၊ အီတလီ ၁၉ဦး၊ စပိန် ၁၁ဦး၊ ဘူဂေးရီးယားခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၉၈၄ဦးဖြစ်ပြီး ယင်းအနက် ၇၄၉ဦးမှာ တိုက်ပွဲ၌သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

## ဂျွန်ကယ်ရီ၏ အနိုင်ရရှိရန် ဗြိတိန်အများစုလိုလား

**လန်ဒန် နိုဝင်ဘာ ၁**

ဂျွန်ကယ်ရီသည် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် အောင်ပွဲခံနိုင်မည်ဟု ဗြိတိသျှနိုင်ငံသားအများစုက ထင်မြင်ယူဆလျက်ရှိကြောင်း တနင်္ဂနွေနေ့ထုတ် သတင်းစာတစ်စောင်တွင် ဖော်ပြထားသည်။

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ နိုင်ငံတကာဆိုင်ရာ ရပ်တည်မှုအနေအထားကို ထိခိုက်ပျက်စီးစေခဲ့သည့် ၎င်း၏မဟာမိတ် အမေရိကန်သမ္မတဘုရှ်အပေါ် ဒီမိုကရက်သမ္မတလောင်း ဂျွန်ကယ်ရီက အနိုင်ရရှိနိုင်ကြောင်း ထိုသို့အနိုင်ရရှိခြင်းမှာလည်း ပွတ်ကာသီကာဖြင့် အနိုင်ရရှိနိုင်သည်ဟု ဗြိတိန်ပြည်သူများက ယုံကြည်လျက်ရှိသည်။

အီရတ်အပေါ်ထားရှိသည့် ဘုရှ်နှင့် ဘလဲတို့၏ ပူးတွဲမူဝါဒနှင့် ချစ်ကြည်ရင်းနှီးမှု ရှိနေခြင်းတို့ကြောင့်လည်း ဗြိတိန်ပြည်သူများ စိတ်မသက်မသာ ခံစားနေရကြောင်း ဗြိတိန်ပြည်သူအများစုက ဖော်ပြခဲ့ကြသည်။

အမေရိကန်သမ္မတ ရွေးချယ်ပွဲနှင့်ပတ်သက်ပြီး ဆန္ဒကောက်ယူရာတွင် ၅၀ရာခိုင်နှုန်းက ကယ်ရီအနိုင်ရနိုင်သည်ဟု ပြောဆိုကြကြောင်း လူထုသဘောထား ကောက်ယူရရှိမှုကို အင်ဒီပင်းဒင့်သတင်းစာက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

## ဘဂ္ဂဒက်အနောက်တောင်ဘက်၌ တိုက်ပွဲဖြစ်ပွား အီရတ်ခုနစ်ဦးသေဆုံး၊ ၁၄ဦးဒဏ်ရာရ

**ဟက်စ်ဝါ နိုဝင်ဘာ ၁**

ဘဂ္ဂဒက် မြို့၏ အနောက် တောင်ဘက် ဒေသတွင် အမေရိကန် တပ်ဖွဲ့နှင့် လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးသမားများ စနေနေ့က တိုက်ပွဲ ဖြစ်ပွားခဲ့ရာ အီရတ်ခုနစ်ဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲအဖွဲ့နှင့် ဆေးရုံသတင်းများက ပြောကြားသည်။

ကျေးရွာတစ်ရွာရှိ အဆောက်အအုံ များအား ဝင်ရောက်စီးနင်းခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်များကို လက်နက်ကိုင်ခုခံရေးသမားများက တိုက်ခိုက်သဖြင့် ဟတ်ဟွာတွင် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အရပ်ဘက် ကားနှစ်စီးနှင့် ကျည်ဆန်ရာ ဆန်ခါပေါက်ဖြစ်နေသော ကားတစ်စီးနှင့် ၎င်းတို့၏ ထိုင်ခုံများ သွေးစွန်း နေသည့်ပုံများကို ရိုက်တာ ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသသည်။

မိမိတို့မှာ ကြားညှပ်ခံခဲ့ရကြောင်း အချို့ကို ဘဂ္ဂဒက်မှ ၂၄မိုင်ခန့်အကွာရှိ အစ်ကင်ဒါရီယာအနီးရှိ ဆေးရုံသို့ တင်ပို့လိုက်ကြောင်း ယာဉ်ပေါ်တွင် လိုက်ပါလာသူများက ပြောကြားသည်။

လက်နက်ကိုင်ခုခံရေးသမား မည်မျှသေဆုံးဒဏ်ရာရရှိခြင်းနှင့် အရပ်သားမည်မျှရှိခြင်းကို ကွဲပြားစွာ မသိရပေ။ ယခုရက်သတ္တပတ်တွင် အဆိုပါဒေသ၌ တပ်ဖြန့်ထားခဲ့သော ဗြိတိသျှတပ်ဖွဲ့မှသော်လည်းကောင်း အမေရိကန်တပ်ဖွဲ့မှသော် လည်းကောင်း အဆိုပါအဖြစ်အပျက်နှင့် ပတ်သက်၍ သတင်းတစ်စုံတစ်ရာ မရရှိပေ။

### ထိန်းသိမ်း

အမေရိကန်တပ်ဖွဲ့ဝင်များက အဆောက်အအုံတစ်ခုကို ဝင်ရောက်စီးနင်းပြီး လူတစ်ဦးကို ထိန်းသိမ်းခဲ့ရာမှစ၍ တိုက်ပွဲဖြစ်ပွားခြင်းဖြစ်ကြောင်း ဟက်စ်ဝါတွင် နေထိုင်သူများက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**



## ကုန်သွယ်ရေးနှင့်ဆက်ဆံရေးတိုးမြှင့်စေရန် ရုရှားသမ္မတပူတင် တူရကီသို့သွားရောက်မည်

**အင်ကာရာ အောက်တိုဘာ ၂၈**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်စေရန်အတွက် လာမည့်ဒီဇင်ဘာ၂၀ရက်တွင် တူရကီနိုင်ငံသို့ တရားဝင်အလည်အပတ်ခရီး သွားရောက်မည်ဖြစ်ကြောင်း တူရကီဒေးလီနယူးစ်သတင်းစာက ဗုဒ္ဓဟူးနေ့တွင်ဖော်ပြသည်။

စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် သဘာဝဓာတ်ငွေ့ကိစ္စရပ်များကို နှစ်နိုင်ငံအကြားစီးပွားရေးတိုးတက်ဖြစ်ထွန်းအောင် အသေးစိတ် ဆွေးနွေးမည်ဖြစ်ကြောင်း မျှော်လင့်ရသည်။

တူရကီနိုင်ငံသည် ရုရှားနိုင်ငံ၏ သဘာဝဓာတ်ငွေ့အဓိကသုံးစွဲသည့်နိုင်ငံဖြစ်ပြီး ရုရှားခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်ရာနိုင်ငံတစ်ခုဖြစ်လာသည်။ **အမ်အင်အေ၊ဆင်ပ်ဟွာ**

### ပြင်ဆင်

**ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားနေမှုကြောင့် ဒေသခံတစ်ဦး နေအိမ်မှ ပြောင်းရွှေ့ထွက်ခွာရန် ပြင်ဆင်နေသည်ကို နိုဝင်ဘာ ၁ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# မိုဆူးလ်မြို့၌ ကန်စစ်ယာဉ်တန်းအား ကားဗုံးခွဲတိုက်ခိုက် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရ

ဘဂ္ဂဒက် နိုဝင်ဘာ ၁

**မိုဆူးလ်မြို့တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခုကို သောကြာနေ့က ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိပြီး အီရတ်ပြည်သူငါးဦး ဒဏ်ရာရရှိကာ အီရတ်တစ်ဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။**

ဘဂ္ဂဒက်မြို့ မြောက်ဘက်တွင်ရှိသော မိုဆူးလ်မြို့၏တောင်ပိုင်း နယ်မြေတစ်ခုတွင် အမေရိကန်ကင်းလှည့်စစ်ယာဉ်တန်း ကားဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

### ထုတ်ပြန်

အဆိုပါ ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် မိုဆူးလ်မြို့ ရဲတပ်ဖွဲ့မှ စာရင်းထုတ်ပြန်ရာတွင် အီရတ်ပြည်သူတစ်ဦးသေဆုံးပြီး အခြားလူများ ဒဏ်ရာရရှိခဲ့ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း စာရင်းထုတ်ပြန်ခဲ့သည်။

### တိုက်ခိုက်

အီရတ်ကို အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များက ၂၀၀၃ ခုနှစ် မတ်လမှစတင်ကာ ကျူးကျော်စစ်ပွဲဆင်နွှဲခဲ့ပြီးနောက် အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ကားဗုံးခွဲတိုက်ခိုက်ခြင်း၊ လမ်းဘေးထောင်ချောက်ဗုံးများဖြင့် တိုက်ခိုက်ခြင်းတို့ကို အများဆုံးပြုလုပ်ခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ပ်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



# အမေရိကန်ဦးဆောင်၍ အီရတ်အားကျူးကျော်မှု ရောမ၌ ထောင်ပေါင်းများစွာ ကန့်ကွက်ဆန္ဒပြ

ရောမ နိုဝင်ဘာ ၁

**အီရတ်အား အမေရိကန်ဦးဆောင်၍ ကျူးကျော်မှုကို ရှုတ်ချကန့်ကွက်ခြင်းအဖြစ် ထောင်ပေါင်းများစွာသော စစ်ဆန့်ကျင်ရေးကန့်ကွက်ဆန္ဒပြကြသူများသည် စနေနေ့က ရောမမြို့လယ်လမ်းများတွင် ပိတ်ဆို့ကာ ဆန္ဒပြခဲ့ကြသည်။**

လူ ၇၀၀၀၀ ကျော်သည် လမ်းမများပေါ်တွင် နေရာယူထားကြပြီး ပိုစတာများကို ကိုင်ဆောင်၍ 'အီရတ်မှတပ်ဖွဲ့များထွက်သွား' 'မြို့များကိုဗုံးမကြဲနှင့်'ဟူ၍ ကြွေးကြော်ခဲ့ကြကြောင်း စစ်ရပ်ဆိုင်းမှုလှုပ်ရှားရေးအဖွဲ့က ပြောကြားသည်။

ရဲတပ်ဖွဲ့က အဆိုပါအရေအတွက်ကိုပြောရန် ငြင်းဆိုသော်လည်း မျက်မြင်တွေ့ရှိသူများကမူ အဆိုပါ အရေအတွက်ထက်လျော့နည်းကြောင်း ပြောကြားသည်။

အီရတ်တွင် အီတလီတပ်ဖွဲ့ဝင် ၂၇၀၀ခန့်ရှိပြီး အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့များပြီးနောက် အများဆုံးဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

# ရာမာဒီ၌ ကားဗုံးခွဲ တိုက်ခိုက် ကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၁**

အီရတ်အလယ်ပိုင်းရှိ ရာမာဒီမြို့အနီးတွင် အသေခံကားဗုံးခွဲတိုက်ခိုက်မှုတစ်ခုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

### ရည်ရွယ်

အဆိုပါ တိုက်ခိုက်မှုမှာ သောကြာနေ့ နံနက် ၈နာရီခန့်က ဖြစ်ကြောင်း အမေရိကန်ပြောရေး ဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ ကားဗုံးခွဲမှုများနှင့် လမ်းဘေးဗုံးဖောက်ခွဲမှုများမှာ အမေရိကန် ဦးဆောင်သောတပ်ဖွဲ့များ အီရတ်နိုင်ငံမှ ထွက်ခွာသွားရေး ရည်ရွယ်ချက်များဖြင့် လက်နက်ကိုင်ပြောက်ကျားများက လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ **အမ်အင်အေ၊ဆင်ပ်ဟွာ**



### တိုက်ခိုက်

**ရာမာဒီမြို့တွင် အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများနှင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၃၁ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဘာဆာရာမြို့၌ လမ်းဘေးဗုံးပေါက်ကွဲ

**ဘဂ္ဂဒက် နိုဝင်ဘာ ၁**

အီရတ်နိုင်ငံ တောင်ဘက်ရှိ ဘာဆာရာမြို့တွင် ကြာသပတေးနေ့ နံနက်က အီရတ်တပ်ဖွဲ့ဝင်များကို တင်ဆောင်လာသောဘတ်စ်ကားတစ်စီး လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင်ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းဘေးထောင်ချောက်ဗုံးကို အဝေးထိန်း စနစ်ဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်ပြီး ဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းကြောင့် ဒဏ်ရာရရှိခဲ့သော ရဲတပ်ဖွဲ့ဝင်ခုနစ်ဦးတွင် နှစ်ဦးမှာ စိုးရိမ်ရသော အနေအထားဝ၌ရှိသည်။ **(အင်တာနက်)**

# အီရတ်ရှိ လုပ်ငန်းများ လေလံခေါ်ယူခြင်းမရှိဘဲ လုပ်ပိုင်ခွင့်ပေးမှု စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်နေ

ဝါရှင်တန် နိုဝင်ဘာ ၁

**အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် ဟယ်လီဘာတန်ကုမ္ပဏီကို လေလံခေါ်ယူခြင်းမရှိဘဲ လုပ်ပိုင်ခွင့်ပေးသည်၊ မပေးသည်နှင့်ပတ်သက်၍ အက်ဖ်ဘီအိုင်က စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်လျက်ရှိကြောင်း ကုမ္ပဏီ၏ပြောရေးဆိုခွင့်ရှိသူအမျိုးသမီး ဝင်ဒီဟောလ်က ပြောသည်။**

ထို့ပြင် ဟယ်လီဘာတန်ကုမ္ပဏီနှင့် ပတ်သက်၍ ထုတ်ဖော်ပြောကြားခဲ့သည့် စစ်ဘက်အင်ဂျင်နီယာချုပ်ကို တွေ့ဆုံမေးမြန်းခွင့်ပြုရန် အက်ဖ်ဘီအိုင်က တရားဝင်တောင်းခံထားကြောင်း သူမက ပြောကြားသည်။

### တင်ဒါမသွင်း

ဟယ်လီဘာတန်ကုမ္ပဏီ၏ လက်ခွဲကုမ္ပဏီတစ်ခုဖြစ်သော ဟဲလ်လာဘာရောင်းနှင့် အုပ်စုအမည်ရှိ ကုမ္ပဏီသည် အီရတ်တွင် ဒေါ်လာဘီလီယံ အများအပြားတန်ဖိုးရှိသည့် လုပ်ငန်းတစ်ခုကို လုပ်ကိုင်ရန် တင်ဒါသွင်းခြင်းမရှိဘဲ ရရှိခဲ့ခြင်းကြောင့် ယင်းသို့ စုံစမ်းစစ်ဆေးမှုခံရခြင်းဖြစ်သည်။

### ကွာဟ

အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီသည် ဟယ်လီဘာတန်ကုမ္ပဏီကို ယခင်က ဦးဆောင်ခဲ့ဖူးသူ ဖြစ်သည်။ အီရတ်ရှိလုပ်ငန်းများနှင့်ပတ်သက်၍ အမေရိကန်ဒေါ်လာ ၆၂သန်းကွာဟမှုကြောင့် မကြာသေးမီက ကုမ္ပဏီကို အမေရိကန် တရားရုံးက စစ်ဆေးခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ**

# ကင်းလှည့်

**ဖော်လူဂျာ မြို့ပြင်တွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၃၁ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဆူဒန်နိုင်ငံသား စကားပြန်တစ်ဦး ရာမာဒီမြို့၌ ပြန်ပေးဆွဲခံရ

ရာမာဒီ နိုဝင်ဘာ ၁

**အီရတ်နိုင်ငံ ရာမာဒီမြို့တွင် အမေရိကန်တပ်ဖွဲ့အတွက် နည်းပညာနှင့်ဘာသာပြန်လုပ်ငန်းများ လုပ်ဆောင်ပေးနေသော တီတန်ကော်ပိုရေးရှင်းမှ ဆူဒန်လူမျိုး စကားပြန်အား ပြန်ပေးဆွဲထားကြောင်း အီရတ်လက်နက်ကိုင် အုပ်စုတစ်စုက ထုတ်ပြန်ကြေညာခဲ့သည်။**

အယ်အာဘီးရာရုပ်သံမှ ယနေ့အစောပိုင်းက ထုတ်လွှင့်ခဲ့သည့် ဗီဒီယိုတိပ်ခွေတွင် တော်လှန်ရေးတပ်ဖွဲ့ဟု အမည်တပ်ထားသော လက်နက်ကိုင်အုပ်စုက ဓားစာခံ၏ အလုပ်ရှင်များ အီရတ်မှထွက်ခွာသွားရန် တောင်းဆိုထားသည်။ ၎င်းဓားစာခံ၏အမည်မှာ နော်တန်ဇာကရီရာဖြစ်ကြောင်း သိရသည်။

### ကတိပေး

ပြီးခဲ့သည့် ဇွန်လက အဆိုပါအဖွဲ့သည် လက်ဘနွန်အနွယ်ဝင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင် တစ်ဦးကို ပြန်ပေးဆွဲခဲ့ဖူးကြောင်းနှင့် ထိုမရိန်းတပ်ဖွဲ့ဝင်က စစ်တပ်မှနုတ်ထွက်ရန် ကတိပေးခဲ့ပြီးနောက် ပြန်လည်လွှတ်ပေးခဲ့သည်။ **(စီစီတီဗွီ)**

# အီရတ်သို့ ခရီးသွားခြင်းကို တားမြစ် ဖိလစ်ပိုင်နိုင်ငံကူးလက်မှတ်အားလုံး၌ စာတန်းထိုးမည်

**မနီလာ နိုဝင်ဘာ ၁**

စစ်ပွဲများ ဖြစ်ပွားနေသော အီရတ်နိုင်ငံသို့ ခရီးသွားလာခြင်းကို တားမြစ်မှုအဖြစ် ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံကူးလက်မှတ်သစ်အားလုံးတွင် တံဆိပ်တုံးနှင့်အတူ စာတန်းထိုးထားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးရာဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ကြေညာသည်။

### တရားမဝင်

အဆိုပါ ထုတ်ပြန်ချက်သည် ဖိလစ်ပိုင်နိုင်ငံသား ပင်လယ်ရပ်ခြားအလုပ်သမားများအပါအဝင် ပုံမှန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူအားလုံး အကျုံးဝင်မည်ဖြစ်ပြီး လက်မှတ်ပေါ်တွင် အီရတ်သို့ ခရီးသွားခြင်းမှာ တရားမဝင်ဟု ရေးထိုးထားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး အတ်လ်ဘာတိုရိုမူလိုက ပြောကြားသည်။

### မက်လုံး

ယင်းသို့ပိတ်ပင်ထားဆဲဖြစ်သော်လည်း အဆိုပါတားမြစ်ချက်ကို ချိုးဖောက်ကာ အီရတ်နိုင်ငံအတွင်းသို့ ခိုးဝင်ရန် ကြိုးပမ်းခဲ့ကြသော ဖိလစ်ပိုင်အလုပ်သမားများလည်း ယင်းထုတ်ပြန်ချက်သည် အကျုံးဝင်ကြောင်း ရှိမူရိုက ပြောသည်။ မည်သို့ပင်ဖြစ်စေ ယင်းသို့ပိတ်ပင်တားဆီးထားသော်လည်း ဖိလစ်ပိုင်အလုပ်သမား ထောင်ပေါင်းများစွာသည် လစာငွေမြင့်မားသည့် အလုပ်အကိုင်များ၏မက်လုံးဖြင့် အီရတ်နိုင်ငံအတွင်းသို့ဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြပြီး အထူးသဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံများမှ နယ်စပ်များကို ဖြတ်ကျော်ဝင်ရောက်ခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ပ်ဟွာ**





ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ကမာကဆစ်အနောက်ကျောင်းတိုက်အတွင်း ဆောက်လုပ်ပြီးစီးသွားသည့် ထွန်းပြုံးဝေဆာ မင်္ဂလာဆွမ်းစားတိုက်ကျောင်းနှင့် ကျောင်းဝင်မုခ်ဦး ရေစက်ချမင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁ရက် နံနက်၉နာရီက ယင်းကျောင်းတိုက်၌ကျင်းပရာ ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ဦးထွန်းအောင်ကျော်-ဒေါ်ပြုံး၊ သားသမီး မြေးမြစ်တစ်စုတို့က ကမာကဆစ် အနောက်ကျောင်းတိုက်ဆရာတော် ဦးဇောတိကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## ရွှေပြည်ဟိန်းကျောင်း ဝါကျွတ်အလှူတော်

ရန်ကုန် နိုဝင်ဘာ ၂

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်းတိုက်၌ ပွင့်လင်းရာသီတွင် ဓမ္မသဘင်ဆင်ယင်ကျင်းပရန်နှင့် ဓမ္မစာပေသင်တန်းများ ပို့ချရန်အတွက် ဆောက်လုပ်လျက်ရှိသော ရွှေပြည်ဟိန်း ဓမ္မသဘာသိမ်ကျောင်းတော်ကြီးအတွက် ကုသိုလ်ရှင်တို့က လာရောက် လှူဒါန်းလျက်ရှိကြသည်။ တာမွေလေး မင်းရဲကျော်စွာအိမ်ရာတိုက် B-1 အခန်း၂၀၂နေ ဦးကျော်ရှင်း-ဒေါ်ကြည်ကြည်အိမ် မိသားစုက အလှူငွေကျပ်တစ်သိန်း၊ အမှတ် ၉၁၉ လေးထောင့်ကန်လမ်းမကြီး ငမိုးရိပ်နေ ဦးစိုးမြင့်-ဒေါ်အေးသိန်း၊သား စိုးထက်အောင်တို့က ငွေကျပ် တစ်သိန်း၊ ရန်ကင်း ပြည်သာယာ မာလာမြိုင်လမ်း အမှတ် ၁၂နေ ဦးဝင်းမြင့်-ဒေါ်တင်တင်ရွှေ၊ သမီး မနီနီစိန်က ငွေကျပ်တစ်သိန်း၊ ဒေါ်ခင်ညွန့်၊ သား ကိုနိုင်အောင်၊ သမီး မနန္ဒာ ဗဟိုလမ်း စမ်းချောင်း မိသားစုက ငွေကျပ်ငါးသောင်း၊ ကိုသိန်းညိုလွင်-မမူရာ ဗဟိုလမ်း စမ်းချောင်း တိုက် ၅၇/A မိသားစုက ငွေကျပ်ခြောက်သောင်း၊ ဘောက်ထော် ဈေးလမ်း ဒေါ်ကြင် မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးအေးမင်း-ဒေါ်မာလာရီ ရန်ကင်း ပြည်သာယာ မြရတနာလမ်း မိသားစုက ငွေကျပ်ကိုးသောင်း၊ ပြည်သာယာ ဂီတမာလာလမ်း အမှတ်၉နေအကျိုးဆောင် ဒေါ်ခင်စန်းရီနှင့်သံအမတ်ကြီး(ငြိမ်း) ဦးစောဒိုးစိုက်ဒိုး-ဒေါ်ခင်စန်းကြည် မိသားစုက ငွေကျပ်တစ်သိန်းကိုလည်းကောင်း ရွှေပြည်ဟိန်း ဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ခေမာသိရီလင်္ကာရထံ ဆက်ကပ်လှူဒါန်းကြသည်။ အလှူရှင်များသည် ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ ဘောက်ထော် ရန်ကင်း ဖုန်း-၅၄၁၄၉၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

## လူထုပညာမိသားစုများ သက်ကြီးပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂

လူထုပညာမိသားစုများ၏အသက် (၈၀)နှင့်အထက် သက်ကြီးများအား ပူဇော်ပွဲနှင့် Ph.Dဘွဲ့ရ မျိုးဆက်သစ်နှစ်ဦး၊ ၂၀၀၃-၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲခြောက်ဘာသာဂုဏ်ထူးရှင် မျိုးဆက်သစ် တစ်ဦးတို့အား ချီးကျူးဂုဏ်ပြုပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျားကူးဓမ္မဗိမာန်တွင် ဒီဇင်ဘာ ၂၆ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့်၁၂နာရီအထိ ကျင်းပမည်ဖြစ်သည်။ အလှူငွေများကို ဦးအောင်သန်း (တိုင်းလူထုပညာရေးမှူးဟောင်း) ဖုန်း-၅၄၁၇၉၇၊ ဦးခင်မောင်(လူထုပညာတတိယပတ်) ဖုန်း-၅၂၇၅၅၁၊ ဒေါ်ခင်ကြည်(လူထုပညာပဉ္စမပတ်) ဖုန်း-၅၂၇၅၅၁၊ ဦးတင်ထွန်း (လူထုပညာအဋ္ဌမပတ်) ၄၄၊ သစ္စာလမ်း မင်္ဂလာတောင်ညွန့်၊ ဒေါ်စန်း (လူထုပညာအဋ္ဌမပတ်) ၄၁၄၊ နီလာ ၃လမ်း (၈)ရပ်ကွက် မ/ဥက္ကလာ၊ ဒေါ်စိန်ရီ (လူထုပညာသတ္တမပတ်)တိုက်၃/၄၀၃ ဟံသာရိပ်မွန် (၄)ရပ်ကွက် ဘုရင့်နောင်လမ်း ကမာရွတ်၊ ဒေါ်ဆွေဆွေ ဖုန်း-၅၀၀၇၅၄၊ ဒေါ်ညွန့်ညွန့်သန်း စာရင်းစစ်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

## ဒွါဒသမ သိစေချင်

❒ ဆိုကရေးတီး၊ ပြိုင်ပွဲကြီးတည့်
ဝှဲချီးကျင်းပ၊ ဒွါဒသမကို
ဆုံးစတိုင်တိုင်၊ မြိုင်မြိုင်ဆိုင်ဖြင့်
ခံ့ခိုင်ထည်ဝါ၊ ခမ်းနားစွာလျှင်
သေချာအောင်ပွဲ၊ နွှဲခဲ့ပြီ။

❒ အောင်ပွဲသိမ်းစံ၊ ရွှေဝန်းရံ၍
အောင်မာန်ဝင့်ဝင့်၊ အိမ်ပြန်တင့်လည်း
သွေးနှင့်မခြား၊ သားချင်းများမို့
ချန်ထားခွဲခွာ၊ ဝေးရမှာတွက်
တူစွာနေနား၊ အတူစား၍
လာသွားညီညာ၊ ချစ်ကြည်စွာကို
ဘယ်ခါမေ့လျက်၊ မခွဲရက်ကြောင့်
ငဲ့ကွက်ခြင်းငှာ၊ မပြန်သာပြီ
စာနာခံစား ထားစေချင်။

❒ ဩော်-
အချိန်တန်စွ၊ အိမ်ပြန်ရလည်း
ရင်မှမပါ၊ မလှမ်းသာခဲ့
နိုင်ရာဓိက၊ မဟုတ်ကြမို့
သွေးကစကား၊ ပြောသည့်လားနှယ်
ခွဲအားမနိုင်၊ စိတ်ယိမ်းယိုင်ခဲ့
မခိုင်မျက်ရည်၊ တစ်ပေါက်သည်လျှင်
ဖြေဆည်သည့်ကြား၊ ကြွေလွင့်သွားကြောင့်
ရှက်အားပိုစွာ၊ ဗျာကယာနှင့်
သုတ်ကာလိမ်းကာ၊ ဤမေတ္တာကို
ဒွါဒသမ သိစေချင်။ ။

**ရန်နိုင်ဦး**

* ကျောက်ဖြူမှ

### တက်ရောက်

အခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်သည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ အမှတ် (၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် ဦးစီးဌာနများ၊ လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ အင်ဂျင်နီယာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နာနတ်တောခုံးကျော်တံတားတည်ဆောက်ရေး လုပ်ငန်းရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက နာနတ်တောခုံးကျော်တံတား တည်ဆောက်ရေးဆိုင်ရာ အချက်အလက်များ၊ လအလိုက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေနှင့် သတ်မှတ်ကာလအတွင်း တည်ဆောက်ပြီးစီးရေး ဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက နာနတ်တောခုံးကျော်တံတား အချိန်မီ တည်ဆောက်ပြီးစီးရေးအတွက် အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တံတားကြီးနှင့် မလွတ်ကင်းသည့် လျှပ်စစ်ဓာတ်အားလိုင်းနှင့် တယ်လီဖုန်းလိုင်းများ ရွှေ့ပြောင်းပြီးစီးမှု၊ ပစ္စည်းများစုဆောင်းထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နာနတ်တော ခုံးကျော်တံတားတည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ချိန်ထက်စော၍ ပြီးစီးရေး၊ ဝိုင်းဝန်းကူညီ ဆောင်ရွက်မည်ဖြစ်ကြောင်းပြောကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အဖွဲ့သည် နာနတ်တောခုံးကျော်တံတားပုံစံငယ်ကို ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့်အဖွဲ့သည် နာနတ်တောခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

### ပိုင်တိုင်ရိုက်သွင်းပေး

ထို့နောက် နာနတ်တောခုံးကျော်တံတား ပိုင်ရိုက်ပန္နက်တင်မင်္ဂလာ အခမ်းအနားကိုကျင်းပရာ မင်္ဂလာအချိန်တွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက Pile Driving Machineစက်များဖြင့် လေးထောင့်သံကူကွန်ကရစ်ပိုင်တိုင်များကို ရိုက်သွင်းပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နာနတ်တော ခုံးကျော်တံတားကို သံကူကွန်ကရစ်တံတားအမျိုးအစားအဖြစ် အောက်ထည်သံကူကွန်ကရစ်ပိုင်တိုင် အုတ်မြစ်နှင့် အပေါ်ထည် ကြိုတင်အားဖြည့် ကွန်ကရစ်တံတားပေါင်တို့ဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။ ပင်မတံတားအရှည်မှာ ၅၈၁ ပေရှိမည်ဖြစ်ပြီး ချဉ်းကပ်လမ်းများအပါအဝင် စုစုပေါင်းအရှည်မှာ ၉၆၄ ပေရှိမည် ဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၄၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီပါရှိကာ တံတားအောက် ကင်းလွတ်အမြင့်မှာ ၁၄ပေ ရှိမည်ဖြစ်သည်။

### အဆင်ပြေသွားလာနိုင်

တံတားကြီး တည်ဆောက်ပြီးစီးသွားပါက ရထားများဖြတ်သန်းချိန်အတွင်း နာနတ်တောလမ်းနှင့် ဗဟိုလမ်း ယာဉ်ကြောပိတ်ဆို့မှုမှ ကင်းလွတ်၍ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ပြီး ဧရာဝတီတိုင်းသို့ အသွားအပြန်ယာဉ်များလည်း အဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်သည်။

နာနတ်တော ခုံးကျော်တံတားကြီးကို မြန်မာ့မီးရထားမှ အင်ဂျင်နီယာများက တာဝန်ယူ၍ သတ်မှတ်ချိန်အပြီး တည်ဆောက်သွားမည်ဖြစ်ပြီး တံတားကြီး၏ ခံနိုင်ဝန်ခွင့်ပြုအလေးချိန်မှာ တန်၆၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဒေါ်ပုံမြို့နယ် လမုတန်းရပ်ကွက်တွင် ဆုံဆည်းရာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ အောက်တိုဘာ၂၆ရက်က ရပ်ကွက်ရုံး၌ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်တင်ရီနှင့် လမုတန်းရပ်ကွက် ဥက္ကဋ္ဌ ဦးမောင်ဟန်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

## စာကြည့်တိုက်များဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၂

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲများကို အောက်တိုဘာ ၃၁ရက်က အမှတ် ၅၅၊ ၅၇၊ ၇၀နှင့်၇၂ရပ်ကွက်များတွင် ကျင်းပကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မိုးမိုးဝင်းနှင့်ရပ်ကွက်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားပြီး ဦးစီးမှူးဒေါ်မိုးမိုးဝင်းက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ (က-ပ)

## ဒီပါဝလီနေ့ အများပြည်သူတို့၏အလုပ်ပိတ်ရက်ကြေညာ

ရန်ကုန် နိုဝင်ဘာ ၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သည် ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက် (၂၀၀၄ ခုနှစ် နိုဝင်ဘာ ၁၂ ရက်) သောကြာနေ့သည် ဒီပါဝလီနေ့ ဖြစ်သည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာလိုက်သည်။**

(သတင်းစဉ်)



အောက်တိုဘာ၂၆ရက်က စမ်းချောင်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၆)တွင် အသုံးပြုရန်အတွက် ကွန်ပျူတာလှူဒါန်းပွဲကို ကျောင်းခန်းမတွင်ကျင်းပရာ အလှူရှင် ဒေါ်အေးအေးမြတ်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းကြည်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## ကျေးလက်ဒေသသောက်သုံးရေဖူလုံရေး စေတနာရှင်များလှူဒါန်းနိုင်

ရန်ကုန် နိုဝင်ဘာ ၂

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင် သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက် ပေ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

### ဆက်သွယ်လှူဒါန်းနိုင်

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၅ ၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။ **(နယ်စပ်စည်ပင်)**

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

■ *ကျော်ဖုံးမှ*

အစည်းအဝေးသို့ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များ ဖြစ်ကြသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

## ဖွဲ့စည်းဆောင်ရွက်လျက်ရှိ

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော်၏စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကော်မတီအသီးသီးကိုဖွဲ့စည်းဆောင်ရွက်လျက်ရှိရာတွင် ပညာရေးကဏ္ဍခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံပညာရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း။

## တာဝန်ယူဦးဆောင်

နိုင်ငံတော်အနေဖြင့် အမျိုးသားပညာရည်မြင့်မားရေးအတွက် နှစ်ရှည်၊ နှစ်လတ်နှင့် နှစ်တိုစီမံကိန်းများကို အဆင့်ဆင့်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယင်းစီမံကိန်းအဆင့်ဆင့်ပါလုပ်ငန်းရပ်များ၊ အမျိုးသားပညာရေးမူဝါဒများနှင့်အညီ အောင်မြင်ဖြစ်ထွန်းစေရအောင် မြန်မာနိုင်ငံပညာရေးကော်မတီက တာဝန်ယူဦးဆောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးရေးကို ပညာရေးကဏ္ဍမှ အလေးထားဆောင်ရွက်ခဲ့သည့်အတွက် ယခုဆိုလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဖြစ်သည့် မြစ်ကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံများ၊ ခေတ်မီလေယာဉ်ကွင်းကြီးများ၊ ရေအားလျှပ်စစ်စီမံကိန်းကြီးများ စသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို မိမိတို့ပြည်တွင်းမှ အသိပညာရှင် အတတ်ပညာရှင်များ၏စွမ်းအားဖြင့် တည်ဆောက်နိုင်လျက်ရှိနေပြီဖြစ်ကြောင်း။

## အဓိကအခန်းကပါဝင်

ထို့အပြင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ကူးပြောင်းတည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအများစုကြီးအတွင်း အမှန်အမှား အကောင်းအဆိုးတို့ကို ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်ပညာဖြင့် ပြည့်စုံရေးသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

သို့ဖြစ်၍ အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးတွင် ပညာရေးကဏ္ဍသည် အလွန်အရေးကြီးသည်မှာ ပေါ်လွင်ထင်ရှားလျက်ရှိကြောင်း။

## ဟန်ချက်ညီညီပေါင်းစပ်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသုံးရပ်လုံးတွင် ပညာရေးကဏ္ဍကို အထူးအလေးထားပြီး ထည့်သွင်းစီမံဆောင်ရွက်လျက်ရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

## လမ်းညွှန်မိန့်ကြားထား

အထူးသဖြင့် နယ်စပ်ဒေသများ၊ ကျေးလက်ဒေသများပညာရည်မြင့်မားရေးတွင် အခြေခံပညာကဏ္ဍသည် အရေးပါသည့်ကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲကလည်း အခြေခံပညာကဏ္ဍ ခိုင်ခိုင်ခံ့ခံ့ဖြစ်ရေးအတွက် အလေးထားတည်ဆောက်သွားရန်နှင့် အောက်ခြေကျေးလက်ဒေသများအထိ ဆင်းပြီး နက်နက်ရှိုင်းရှိုင်း ခိုင်ခိုင်မာမာ တည်ဆောက်သွားရန် လမ်းညွှန်မိန့်ကြားထားကြောင်း။



**ရှင်းလင်းတင်ပြ**

**မြန်မာနိုင်ငံ ပညာရေးကော်မတီ၏ (၄/၂၀၀၄) ကြိမ်မြောက် အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် ရှင်းလင်းတင်ပြစဉ်။**

**(သတင်းစဉ်)**

အခြေခံပညာကဏ္ဍ ခိုင်ခံ့စွာတိုးတက်ဖြစ်ထွန်းရေးအတွက် သင်ရိုးညွှန်းတမ်းများ ကမ္ဘာ့အဆင့်မီရေး၊ ဆရာ ဆရာမများက သင်ရိုးညွှန်းတမ်းများအတိုင်း ပြည့်ဝကုန်စင်အောင် ထိရောက်စွာသင်ကြားပေးနိုင်ရေး၊ ဆရာ ဆရာမများ၏အရည်အသွေးပြည့်မီမြင့်မားရေး၊ ခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများ ပြည့်စုံရေးနှင့် အကျိုးရှိထိရောက်စွာအသုံးပြုနိုင်ရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန် နိုင်ငံတော်အကြီးအကဲက အစဉ်အမြဲ လမ်းညွှန်မိန့်ကြားလျက်ရှိကြောင်း။

## အလေးထားဆောင်ရွက်

ထို့အပြင် အခြေခံပညာကျောင်းများ ဥပဓိရုပ်ကောင်းမွန်မှသာ ကျောင်းသူကျောင်းသားများ၏ စိတ်ဓာတ်ရေးရာမြင့်မားမည်ဖြစ်သဖြင့် ကျောင်းများ၏ ဥပဓိရုပ်ကောင်းမွန်ရေးကို အလေးထားဆောင်ရွက်ကြရန်လည်း လမ်းညွှန်မှာကြားထားကြောင်း။

ယနေ့ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိပြီး အခြေခံပညာကျောင်းပေါင်း လေးသောင်းကျော်ရှိသဖြင့် အခြေခံပညာကျောင်းများ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ဖွင့်လှစ်ပေးထားနိုင်သည်ကို တွေ့ရကြောင်း။

## စနစ်တကျစီမံ

ဤသို့ များပြားလှသည့် အခြေခံပညာကျောင်းများကို အရေအတွက်အရသာမက အရည်အချင်းအရပါ ပြည့်ဝခိုင်မာစေရအောင် စနစ်တကျ စီမံဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံပညာကဏ္ဍသည် အခြေခံအကျဆုံး အုတ်မြစ်ဖြစ်ရာ အခြေခံပညာကဏ္ဍ ခိုင်ခံ့အောင် အလေးထားကြိုးပမ်းစီမံဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

သို့ဖြစ်၍ အခြေခံပညာကဏ္ဍ ခိုင်ခိုင်ခံ့ခံ့တိုးတက်ဖြစ်ထွန်းစေရေးအတွက် လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ကြိုးပမ်းဆောင်ရွက်ရင်း အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ စနစ်တကျချိတ်ဆက်လျက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သည့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်သွားကြရန်ပြောကြားသည်။

## ဖတ်ကြားတင်ပြ

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က e-Education in Myanmar လုပ်ငန်း ဆောင်ရွက်ချက်များကို မှတ်တမ်းတင်ရန် တင်ပြသည်။ ထို့အပြင် တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)နှင့် တက္ကသိုလ်များဗဟိုကောင်စီအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)တို့တွင် ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြ၍ မှတ်တမ်းတင်သည်။

ဆက်လက်၍ ဝန်ကြီးဦးသန်းအောင်က ပညာရေးဝန်ကြီးဌာနတွင်ရှိသော စီမံခန့်ခွဲရေးဝန်ထမ်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဦးရေတွင် ပါဝင်သည့် အမျိုးသမီးရာခိုင်နှုန်းအခြေအနေ၊ အဆင့်မြင့်ပညာကဏ္ဍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ၊ မြန်မာနိုင်ငံပညာရေးသမိုင်းပြုစုပြီးစီးမှုအခြေအနေနှင့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေတို့ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် အဆုံးအဖြတ်ရယူရန်ရှိသည်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က တင်ပြချက်များအပေါ် လိုအပ်သည်များကို စီစဉ်ညွှန်ကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## အရည်အသွေးမြင့်မားသည့်လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းရေး ပညာရေးကဏ္ဍက ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်

- ❒ နိုင်ငံတော်အနေဖြင့် အမျိုးသားပညာရည်မြင့်မားရေးအတွက် နှစ်ရှည်၊ နှစ်လတ်နှင့် နှစ်တိုစီမံကိန်းများကို အဆင့်ဆင့်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ။
- ❒ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ။
- ❒ နယ်စပ်ဒေသများ၊ ကျေးလက်ဒေသများ ပညာရည်မြင့်မားရေးတွင် အခြေခံပညာကဏ္ဍသည် အရေးပါသည့်ကဏ္ဍက ပါဝင်လျက်ရှိ။
- ❒ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်းခြောက်သောင်းကျော်ရှိပြီး အခြေခံပညာကျောင်းပေါင်းလေးသောင်းကျော်ရှိသဖြင့် အခြေခံပညာကျောင်းများ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ဖွင့်လှစ်ပေးထား။
- ❒ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သည့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာစေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်။

## အထက(၂)တာမွေ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂**

တာမွေ အထက(၂)ကျောင်းမှ အငြိမ်းစားဆရာ ဆရာမကြီးများအား (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အဆိုပါကျောင်းတွင် ဒီဇင်ဘာ ၆ ရက် (တနင်္လာနေ့) အမျိုးသားနေ့၌ ကျင်းပမည်ဖြစ်သည်။ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေ ထည့်ဝင်လိုသူများသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စမ်းမြင့် ဖုန်း-၅၄၂၁၁၇၊ ဦးတင်ထွေး ဖုန်း-၅၄၂၇၂၂၊ ဒေါ်ရီရီမြင့် ဖုန်း-၅၄၀၄၁၀၊ ဒေါ်နီနီစိုး ဖုန်း-၅၄၀၇၃၈၊ ဒေါ်တင်မြင့်ဝင်း ဖုန်း-၅၄၄၉၄၃ နှင့် ဦးလှသောင်းဦး ဖုန်း-၀၉-၅၀-၁၀၄၀၀ တို့သို့ ဆက်သွယ်ကြရန်နှင့် ဆရာ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**





# ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆွေးနွေးမှာကြား

ရန်ကုန် နိုဝင်ဘာ ၂

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ယမန်နေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်တိုင်း ခရမ်းမြို့နယ်ရှိ ခရမ်း ဘိုးဘွားရိပ်သာသို့ရောက်ရှိပြီး ဘိုးဘွားများအား ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။**

**ပေးအပ်လှူဒါန်း**

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ဘိုးဘွားရိပ်သာညှော့ခန်းမဆောင်၌ ဘိုးဘွားရိပ်သာကြီးကြပ်ရေး အမှုဆောင်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများအားတွေ့ဆုံ၍ ဘိုးဘွားများ၏ ကျန်းမာရေး၊ အေးချမ်းစွာ နေထိုင်နိုင်ရေးနှင့် ရိပ်သာပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအခြေအနေများကို ဆွေးနွေးမှာကြားပြီး ညှော့သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။ ဆက်လက်၍ ခရမ်းဘိုးဘွားရိပ်သာအတွက် အလှူငွေ စုစုပေါင်း ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်း သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမဆောင်၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာတင်မင်းနှင့် ပညာရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးနုတို့က ဝန်ကြီးဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ မြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဖြည့်ဆည်း မှာကြားသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မွန်းလွဲပိုင်းတွင် ခရမ်းမြို့နယ် ကိုင်းကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သောဘိတနှင့် ကျေးရွာ/ရပ်ကွက်များရှိ ဆရာတော် သံဃာတော်များအား လိုက်လံဖူးမြော် ကြည်ညိုကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ကျေးရွာ/ရပ်ကွက်များအတွင်း ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေးမြှင့်တင်မှုနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်အောင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိအောင် ဆောင်ရွက်ပေးမည့်အခြေအနေများကို တင်ပြလျှောက်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဖွင့်လှစ်ပို့ချသည့်သင်တန်းများဖွင့်ပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် နိုဝင်ဘာ ၂**

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချမည့် ရုံးသုံးကွန်ပျူတာသင်တန်း၊ အင်တာနက် သင်တန်း၊ တယ်လီဖုန်းလိုင်း တည်ဆောက်ပုံသင်တန်း၊ ကေဘယ်လ် စမ်းသပ်တိုင်းတာရေးသင်တန်း၊ မိုက္ကရိုဝေ့ဗ် ဆက်သွယ်မှုသင်တန်း၊ ဆက်သွယ်ရေးပစ္စည်းများ စမ်းသပ်တိုင်းတာရေးသင်တန်းနှင့် အချက်အလက်ဆက်သွယ်ရေးသင်တန်း သင်တန်းများဖွင့်ပွဲ အခမ်းအနားကိုနိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီခွဲတွင် ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနကြီးမှူးများ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်း ဆရာဆရာမများ တက်ရောက်ကြသည်။

**အမှာစကား**

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၁ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အမှာစကားပြောကြား

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့်စာတိုက်သင်တန်းကျောင်းတွင် ဖွင့်လှစ်ပို့ချမည့် သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားစဉ်။**

(ဆက်သွယ်ရေး)

# နယ်စပ်/စည်ပင် ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေ သင်တန်းများဖွင့်ပွဲအခမ်းအနားအမှာစကားပြောကြား

**ရန်ကုန် နိုဝင်ဘာ ၂**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ယမန်နေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁) ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော အဆင့်မြင့်အုပ်ချုပ်မှု သင်တန်းအမှတ်စဉ်(၁၁)၊ အမှုဆောင်အရာရှိများ မွမ်းမံသင်တန်းအမှတ်စဉ်(၂)၊ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၂၀)၊အခြေခံအင်ဂျင်နီယာသင်တန်း အမှတ်စဉ်(၈)နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၃၄) သင်တန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

သင်တန်းများဖွင့်ပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူ၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ငွေရတုကျောင်းတော် အလှူငွေပေးအပ်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် အင်းစိန်လမ်းမကြီး အမှတ်(၆)ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ (၂၅)နှစ်ပြည့် အထိမ်းအမှတ် ငွေရတုကျောင်းတော် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တ ဣန္ဒကကို ဦးထိပ်ထား၍ ကမာရွတ်မြို့နယ် မြကန်သာ ပြည်လမ်း အမှတ် ၆၆၁ နေ ဦးထွန်းလွင်–ဒေါ်ခင်သွယ်အေး၊ သား ဒေါက်တာမျိုးမြတ်လွင်–ဒေါ်ရီရီအောင်၊ မြေးထွန်းအေးလွင်မိသားစုက ငွေကျပ်တစ်ဆယ့်ငါးသိန်း၊ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် မင်္ဂလာလမ်း အမှတ် ၅(က)နေ ဗိုလ်မှူးမြင့်လွင်(ငြိမ်း)–ဒေါ်တင်မြမိသားစုက ငွေကျပ်သုံးသိန်း၊ အင်းစိန်မြို့နယ် ကြို့ကုန်းရိပ်သာ တိုက် ၂၀၊ အခန်း ၂ နေ ဗိုလ်ကြီးတင်ဖေ(ငြိမ်း) ခြောက်နှစ်ပြည့်အားရည်စူး၍ ဇနီး ဒေါ်ခင်မကြည်မိသားစုက ငွေကျပ်တစ်သိန်းနှစ်သောင်း၊ တောင်ဥက္ကလာပ မြို့နယ် (၁၅) ရပ်ကွက် သံသုမာလမ်း ဇီဇဝါဥယျာဉ်အိမ်ရာနေ ဦးစန်းမြင့်–ဒေါ်ဖြူဖြူဝင်းမိသားစုက ငွေကျပ်တစ်သိန်း၊ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် မင်္ဂလာလမ်း အမှတ်(၅)က နေ ဒေါ်တင်နွယ်က ငွေကျပ်တစ်သိန်း၊ အင်းစိန်မြို့နယ် ဈေးကုန်းအနောက်ရပ်ကွက် ရတနာပုံလမ်း အမှတ်(၁၉)နေ ဦးချစ်ဆွေ–ဒေါ်ရှုအင်မိသားစုက ငွေကျပ်တစ်သိန်း၊ အင်းစိန်မြို့နယ် ကြို့ကုန်းရိပ်သာ တိုက် ၉၊ အခန်း ၄ နေ ဒေါ်မြချစ်မိသားစုက ငွေကျပ် တစ်သိန်း၊ အင်းစိန်မြို့နယ် သီရိစန္ဒာဆေးခန်း မိဘနှစ်ပါးအားရည်စူး၍ ဒေါ်စိုးစိုး၊ သားသမီးမြေးတစ်စုက ငွေကျပ်တစ်သိန်း၊ ဘောက်ထော် ပြည်သာယာဝန်မင်းလမ်း အမှတ် ၄ နေ ဒေါ်မြနှစ်အားရည်စူး၍ ဦးဖေတင်နှင့် သားသမီးမြေးများက ငွေကျပ်တစ်သိန်း၊ ဗဟန်းမြို့နယ် ရွှေမင်းဝံသာသနာ့ရိပ်သာ ရွှေမင်းဝံဆရာတော်နှင့် တပည့်များက ငွေကျပ် တစ်သိန်း၊ အင်းစိန်မြို့နယ် အဝေရာလမ်း အမှတ် ၅၁၉ နေ ဒေါက်တာ အောင်မြင့်–ဒေါ်အေးအေးမူမိသားစုက ငွေကျပ်တစ်သိန်း၊ မရမ်းကုန်းမြို့နယ် ဦးရေခဲလမ်း အမှတ် ၉၇(စ)နေ ဦးစိုးလှိုင်–ဒေါ်သောင်းသောင်း မိသားစုက ငွေကျပ် တစ်သိန်းတို့ကို လှူဒါန်းကြသဖြင့် ဝေယျာဝစ္စအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကြည်က လက်ခံရယူကြောင်း သိရသည်။ **(က–ပ)**

# ဒီပလိုမာစာရင်းကိုင် သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံ စာရင်းကောင်စီ ဒီပလိုမာစာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) သင်တန်းဆင်းပွဲနှင့် အာစရိယပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ စာရင်းကောင်စီဝင် စာရင်းကိုင် အလုပ်သင်နှင့်သင်တန်းကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဒုတိယ စာရင်းစစ်ချုပ် ဒေါ်သင်းသင်းက သင်တန်းဆင်း အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ပထမအကြိမ်နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (Myanmar International Freight Forwarders' Association- MIFFA) ၏ ပထမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်းရှင်များ အသင်းနာယက ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ကျော်မင်းက အသင်းနာယကများအား ဂုဏ်ထူးဆောင် လက်မှတ်များကို ပေးအပ်သည်။

ဆက်လက်၍ အသင်းမှ တာဝန်ရှိသူများက AFFA (ASEAN Federation of Forwarders' Association) Diploma in International Freight Management အစီအစဉ်အတွက် Certificate in Multimodal Transport သင်တန်းမှ သင်တန်းသားသင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များကို ချီးမြှင့်သည်။

ယင်းနောက် အသင်းအထွေထွေအတွင်းရေးမှူး ဦးကျော်လွင်ဦးက အမှုဆောင်အဖွဲ့အမည်စာရင်း၊ အစီရင်ခံစာနှင့် MIFFA ၏လုပ်ဆောင်ချက်များကိုတင်ပြအစီရင်ခံပြီး အသင်းဘဏ္ဍာရေးမှူး ဒေါက်တာအေးအေးက ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားတင်သွင်း၍ အတည်ပြုချက် ရယူသည်။

**(သတင်းစဉ်)**


## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**

# မြန်မာ့ယဉ်ကျေးမှုအမွေ လက်ဆင့်ကမ်းပေးဝေသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး

လွန်ခဲ့သော ၂၅ နှစ်ခန့်က ဖြစ်သည်။ ကျွန်မ၏ဖခင်သည် မြန်မာ့ဂီတအနုပညာကို မြတ်နိုးလိုက်စားသူဖြစ်၍ ကိုယ်တိုင် ဒုံမင်းတီးခြင်း၊ တယောထိုးခြင်းပြုကာ ဆိုတီးလေ့ရှိ၏။ သမီးဖြစ်သူ ကျွန်မအား အဆိုဖြင့် အားဖြည့်စေကာ သားအဖနှစ်ယောက် ဂီတဖြင့် ပျော်မွေ့တတ်ကြ၏။ ခေတ်ဟောင်းတေးဖြစ်သော အမေဒေါ်ကြည်အောင်၏ 'မိဘမေတ္တာ'၊ ဒေါ်မေရှင်၏ 'ကျေးစေတမန်'၊ ဒေါ်လှရွှေ၏ 'စန္ဒကိန္နရီ'၊ မဟာဂီတသီချင်းကြီးများဖြစ်သည့် 'အောင်မြေမြမန်း'၊ 'ချစ်သမျှကို'၊ 'သာဆန်းရဂုံဖွေ'၊ 'ပန်းမြိုင်လယ်' တို့သာမက တွံတေးသိန်းတန်၊ ကိုတင်လှိုင် သီချင်းများပါမကျန် ဆိုကြတီးကြသည်။ ဝါသနာကြီးမားလှ၍ အမေဒေါ်ကြည်အောင်ထံတွင် ဂီတသီချင်းကြီးများကို ဒူးတုပ်ပြီး စည်းဝါးကိုင်ကာ ဘဘ ဘိုကလေးတင့်အောင်၊ ဘဘ ဂီတလုလင် ဦးကိုကိုတို့နှင့်အတူ ဒူးပွန်းခံကာ ဂီတပညာကို သင်ကြားခဲ့ကြရသည်ကို အဖေက အားပါးတရ ပြောပြလေ့ရှိသည်။ သူတတ်မြောက်သော အနုပညာကို မျိုးဆက်သစ်ကျွန်မအား မြန်မာ့ဂီတ၏ အနှစ်သာရကို တန်ဖိုးထား မြတ်နိုးတတ်သူအဖြစ် လက်ဆင့်ကမ်း အမွေပေးလိုသော ဆန္ဒရှိသည်။

ယဉ်ကျေးမှုဆိုသည်မှာ စာပေ၊ ဂီတ၊ အနုပညာ၊ ရိုးရာဓလေ့၊ ထုံးတမ်းစဉ်လာ၊ ဘာသာစကား၊ ဘာသာရေး၊ ရှေးဟောင်း အမွေအနှစ်များနှင့် ဝတ်စားဆင်ယင်မှုတို့ ပါဝင်လေသည်။ မြန်မာ့ယဉ်ကျေးမှု သမိုင်းအစဖြစ်သည့် ပျူမြို့ပြနိုင်ငံ၊ ပုဂံမြို့ပြနိုင်ငံများမှသည် ယနေ့ခေတ်တိုင်အောင် ထူးချွန်ပြောင်မြောက်သော ယဉ်ကျေးမှုဆိုင်ရာ အနုပညာရှင်တို့သည် မြောက်မြားစွာ ထွက်ပေါ်ခဲ့ကြသည်။

ရှေးကျမ်းများ၏အလိုအရ မြို့နိုင်ငံများ၏အသံ ၁၀ ပါးတွင် ခရသင်းသံ၊ လက်ခတ်သံ၊ စည်းသံ၊ မောင်းကြေးနင်းသံ၊ ခွက်ခွင်းသံတို့ ပါဝင်သည်ဟု အဆိုရှိသည်။ အနုပညာဟုခေါ်ဆိုအပ်သော အတတ်မျိုး ၆၄ ရပ်တွင် အကမျိုးစုံအတတ်ဖြစ်သော 'နစ္စ'နှင့် တီးမှုမျိုးစုံအတတ်ဖြစ်သော 'ဝါဒန'တို့ ပါဝင်သည်။ ဝိဇ္ဇာအတတ် ၁၈ ရပ်တွင် 'ဂန္ဓဗ္ဗအတတ်'၊ တစ်နည်းအားဖြင့် တီးမှုတ်သီဆိုကခုန်ရာဖြစ်သော အတတ်သည်လည်း ပါဝင်ကြောင်းတွေ့ရသည်။

ပုဂံခေတ်၏ ဂူနီဘုရားကျောက်စာတွင် "ပဥ္စင်္ဂတုရိယ်မည်သော စည်ညှင်းဖြင့်နှိုင်းထထသော စည်းစိမ်လိုရကား စည်ကြီးပန်တျာပြုသော စည်သည်ကား၊ ငါသူစာ၊ ငါမတ်၊ ငါမရန်၊ ငါဖုန်ဆုမ်၊ ပသာသည်ကား ငါသုရိမ်၊ ခွက်ခွင်းသည်ကား ငါဖြူ" ဟူ၍ ရေးသားထားသည်ကို ထောက်ရှု၍ တူရိယာငါးပါးကို တီးမှုတ်သီဆိုသူများ၊ အကပညာရှင်များ ရှိခဲ့ပြီဖြစ်ကြောင်း သိရှိနိုင်လေသည်။

ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်တွင် ယဉ်ကျေးမှုဆိုင်ရာ အနုပညာရှင်တို့သည် မိမိတို့၏ဉာဏ်စွမ်းထက်မြက်မှုနှင့် ပေါင်းစပ်လျက် အနုပညာပစ္စည်းများကို ဖော်ထုတ်ကာ တိုင်းပြည်အတွက် အကျိုးပြုနိုင်ခဲ့ကြောင်း ခေတ်အဆက်ဆက်တွင် တွေ့ရှိရသည်။

**မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးတာဝန်သည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော မွေးရာပါတာဝန်ဖြစ်သည့်အလျောက် မိမိစွမ်းအားရှိသမျှ ပါဝင်ဆောင်ရွက်ခြင်းသည်ပင် ရိုးရာအမွေဆက်ခံခြင်း အဓိပ္ပာယ်ဖြစ်သည်။ တစ်ပါတည်းပင် မိမိခံယူသော အမွေကိုလည်း နောင်လာမည့် မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်း ပေးဝေခြင်း တာဝန်ကို ထမ်းဆောင်ရပေလိမ့်မည်။**

မြန်မာ့ဓာတ်သဘင်ဖြစ်သော အဆို၊ အက၊ အတီးသည် ဗုဒ္ဓသာသနာရေးနှင့် စပ်လျဉ်း၍ ပွဲတော်များကျင်းပရာမှ လည်းကောင်း၊ မိုးခေါ်ပွဲ၊ လယ်ပုံချပွဲ၊ ပုန်းမကြည်နတ်ပွဲတို့ ပြုလုပ်ရာမှ လည်းကောင်း၊ မြန်မာမင်းများ၏ အခမ်းအနားကျင်းပရာ၌ အတီးအမှုတ် အကအခုန်များ၊ မြန်မာ့သဘင်ပညာများ ထွန်းကားခဲ့ရာမှ စ၍ ဖွံ့ဖြိုးစည်ပင်လာခဲ့သည်။

သရေခေတ္တရာ ပျူခေတ်တွင် (၅) ရာစုလောက်ကပင် ဂီတအနုပညာတို့ ထွန်းကားခဲ့သည်။ သက္ကရာဇ် ၈၀၂ တွင် တရုတ်ပြည် ချန်အန်းမြို့သို့ ပျူယဉ်ကျေးမှုအဖွဲ့ဝင် ၃၅ ဦးသွားရောက်သော အထောက်အထားများတွေ့ရသည်။ သထုံ၊ ပဲခူး၊ သန်လျင်တို့တွင်လည်း စည်တီးသူရုပ်ပုံပါ စဉ့်ကွင်းများ တွေ့ရှိချက်အရ အနုပညာထွန်းကားနေပြီဖြစ်ကြောင်း သိနိုင်သည်။

မြင်စိုင်း၊ ပင်းယ၊ အင်းဝခေတ်တွင် ဂီတသဘင် တိုးတက်စည်ပင်လာခဲ့ပြီး ဘိုးတော်ဘုရားမှတ်တမ်းအရ ပတ်ဆိုင်း၊ ကြေးဝိုင်း၊ ပတ္တလားများ အသုံးပြုနေပြီဖြစ်သည်။ ပုဂံမင်းလက်ထက် သဘင်ဝန်ဦးနု၏ မှတ်တမ်းတွင် ရုပ်သေးအစကျုံးသုံးတန်နှင့် ပုဂံကပဟု ဖော်ပြထားရာ အင်းဝခေတ်တွင် ကြိုးဆွဲရုပ်သေးများ လူကြိုက်များခဲ့သည်မှာ ကုန်းဘောင်ခေတ်မှ ယနေ့တိုင်အောင်ဖြစ်သည်။

**ခင်ပြည့်ချစ်**

အငြိမ့်သဘင်မှာအင်းဝခေတ်မှစတင်ခဲ့၍ ကုန်းဘောင်ခေတ်တွင် သဘင်ပညာမှာအတိုးတက်ဆုံးဖြစ်၍ ရွှေဘိုဖိုးကြီးသံ၊ဖိုးကြီးအကတို့ထွန်းကားလာခဲ့သည်။

နတ်ကတော်အက၊ အပျိုတော်အက၊ ဝန်အက၊ နေရာတော်ခင်းအက၊ စည်တော်အက၊ နှစ်ပါးသွားအက၊ စခန်းသိမ်းအက၊ ဇာတ်ထုပ်ခင်းခြင်း စသည်တို့လည်း ပါဝင်လာခဲ့သည်။

ဇာတ်ရုပ်သေးအကပညာရှင်များစွာ ပေါ်ခဲ့ရာ ရုပ်သေးမင်းသမီးဆရာပု၊ ယင်းတော်မလေး၊ မထွေးလေး၊ ဆင်ခိုးမလေးတို့မှာ ထင်ရှားခဲ့သည်။ ကမ္ဘာနှင့်ယှဉ်လျှင် အဆင့်အတန်းမြင့်သော မြန်မာအကကို ထိန်းသိမ်းမြှင့်တင်ဖို့ လိုအပ်လှပါသည်။

ဂီတခေတ်ကို အထူးဝါယမစိုက်ထုတ်၍ ပြုစုပျိုးထောင်လာသူတို့တွင် ယိုးဒယားနှင့် ပတ်ပျိုးသီချင်းများကို စတင်ဖွဲ့နွဲ့ခဲ့သူများမှာ မြဝတီမင်းကြီးဦးစနှင့် ပြင်စည်မင်းသားကြီးတို့ပင်ဖြစ်သည်။ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသော မြဝတီမင်းကြီး ဦးစသည် ယိုးဒယား၊ ပတ်ပျိုး၊ ဘွဲ့၊ သီချင်းခန့်ပုဒ်ရေပေါင်း ၄၀ ကျော်နှင့် သိင်္ဂါသံကို ရေးသားခဲ့သူလည်း ဖြစ်သည်။ သာဆန်းရဂုံဖွေ၊ ဘုံပျံနေနန်း၊ မှိုင်းမှုန်ပြာဝေ၊ အထူးထူးငယ်နှင့် သာတင့်ဆုံး၊ စိန်ခြယ်ခြူးသန်း၊ စိန်မြလျှံခြယ်၊ စိန်ခြယ်ညီးလင်း အစရှိသော ပတ်ပျိုးများသည်ကား ထူးခြားကောင်းမွန်လှသော လက်ရာများဖြစ်၍ အချို့မှာ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ၌ ရွေးချယ်ထားသော သီချင်းများတွင် ပါဝင်ခဲ့သည့်အတွက် ဆက်လက်ထိန်းသိမ်းမှုကို ကျေးဇူးတင်ထိုက်ပေသည်။

သက္ကရာဇ် ၁၁၈၁ ခုနှစ် ဘကြီးတော်မင်းလက်ထက်၌ အမျိုးသမီးစာဆိုတော်များထွန်းကားပေါ်ပေါက်လာရာ ကုန်းဘောင်မင်း၏ အနောက်နန်းမိဖုရားမမြကလေးမှာ ယောကျ်ားစာဆိုများကဲ့သို့ စာရေးဖွဲ့နိုင်သူ တစ်ဦးဖြစ်သည်။ ချစ်သမျှကို၊ ရှိုစုံရွက်ကြာ၊ နဝရတ်ရောင်စုံ၊ ဂန္ဓမာရိပ်သာ၊ ဖလ်ဂုနန်းကလေး၊ ရွှေဖီဂေါ်ဇင် အစရှိသော ပတ်ပျိုးများကို သာယာနာပျော်ဖွယ်ကောင်းလှအောင် ရေးဖွဲ့ခဲ့သည်။ တေးထပ်၊ ဒွေးချိုး၊ လေးချိုး၊ တြိချိုး၊ ဘုန်းတော်ဘွဲ့၊ သီချင်းခန့်များကို ဖွဲ့ဆိုခဲ့ပြီးဂီတကဗျာ၌ထူးချွန်သောဉာဏ်ကျက်စားနိုင်သူလည်း ဖြစ်လေသည်။

မြန်မာ့ဂီတ မြန်မာစာပေကို ကြီးပွားဖွံ့ဖြိုးအောင် ကြိုးစားအားထုတ်အပတ်တကုတ် ထူထောင်ပြုစုကြသူတို့အနက် ကဗျာ၊ လင်္ကာ၊ ပတ်ပျိုး၊ ယိုးဒယား၊ သီချင်းခန့်၊ ဘောလယ်၊ တေးထပ် အရပ်ရပ်ကို သီကုံးဖွဲ့နွဲ့ရေးသားရာတွင် ထင်ရှားကျော်စောခဲ့သူမှာ ကနောင်မင်းသား၏ ကြင်ရာတော် အိမ်ရှေ့မိဖုရားဖြစ်သည့် လှိုင်ထိပ်ခေါင်တင်ပင် ဖြစ်သည်။ ပုလဲမြိတ်စုံ၊ ထုံပန်းမာလာ၊ ပဏ္ဏုသေလာ၊ နာဂဆဒ္ဒန်၊ ရှုလဲသာထွေ၊ ပန်းသဉ်လယ် ပတ်ပျိုးများ အပြင် ဝိဇယကာရီနှင့်ကူ္ဌာဝံသနန်းတွင်းဇာတ်များကို ရေးသားခဲ့သူဖြစ်သည်။ တူရိယာနှင့်တွဲဖက်၍သော်လည်းကောင်း၊စည်းလွတ်ဝါးလွတ် သီဆိုနိုင်သော"ဘောလယ်" သီချင်းမှာ လှိုင်မင်းသမီးကမောင်တော်ကနောင်မင်းသား မိမိအပေါ်၌ မေတ္တာသဘော စိမ်းကားလျက်နေရာမှ သဘောတော် တစ်ဖန်ပြန်၍ လည်လာစေရန် ဖွဲ့ဆိုအပ်သော သီချင်းအမျိုးအစားပင်ဖြစ်သည်။

ကုန်းဘောင်ခေတ် ဒုတိယပိုင်းမှာ ဂီတအနုပညာ စာပေ အသီးအပွင့်များကို ငွားငွားစွင့်စွင့် ကြွားကြွားဝင့်အောင် စာဆိုတော်ကြီးများ၊ ဂီတပညာရှင်များက မိမိခေတ်တွင် တာဝန်ကျေခဲ့သည့်အတွက် ကျေးဇူးတင်ရမည်သာ ဖြစ်ပေသည်။ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် ပညာရှိတို့ကလည်း လက်စွမ်း၊ ဉာဏ်စွမ်း ပြခဲ့ကြသည်။ ဇာတ်သဘင်၊ ရုပ်သေးသဘင်များလည်း ပေါ်ပေါက်ထွန်းကားခဲ့သည်ကိုလည်း တွေ့ရှိရသည်။ မြန်မာ့ဂီတ အနုပညာ၊ မြန်မာ့ယဉ်ကျေးမှုတို့ ဝေဆာသီးပွင့် ထွန်းကားဖွံ့ဖြိုးရေးအတွက် 'မြန်မာ့ရိုးရာ အနုပညာ မြန်မာတိုင်းက လေးစားပါ' ဆိုသည့် ဆောင်ပုဒ်အတိုင်း ကျင့်ဆောင်ကြရမည်။

၆-၁၀-၂၀၀၄ ရက်က ကျင်းပသော ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက –

**"တစ်နှစ်ထက် တစ်နှစ် ပိုမိုစည်ကားသိုက်မြိုက်အောင်ပြုလုပ်မည်ဖြစ်ကြောင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မှာ အဓိကကျသည့်အတွက် မိမိရိုးရာယဉ်ကျေးမှု လျော့ပါးပါက နိုင်ငံနှင့်လူမျိုးပျောက်နိုင်ကြောင်း၊ ဂုဏ်သိက္ခာထာဝရမြင့်မားဖို့ရန် လူမှုရေးဦးတည်ချက်များချမှတ်ထားသည့်အတိုင်း အစီအမံများ အလေးထားဆောင်ရွက်နေကြောင်း၊ အနောက်တိုင်း ယဉ်ကျေးမှုများ ဝင်လာသည့်အချိန်တွင် မြန်မာ့အက ရိုးရာဂီတစစ်စစ် ဖော်ထုတ်ရန်ပိုမိုလိုအပ်ကြောင်း၊ မိမိတို့၏ ကိုယ်ခံစွမ်းအား မြင့်မားအောင် မြှင့်တင်ပေးရာ၌ နိုင်ငံတော်က သိန်း ၇၅၀ အကုန် အကျခံ၍ တိုင်းရင်းသားအနုပညာရှင်များအတွက် ပိုမိုစိတ်ဓာတ်တက်ကြွစရာ ပြည်သူလူထုများကလည်း ပါဝင်လှူဒါန်းခဲ့ကြောင်းနှင့် ဆုများကိုလည်း ထပ်မံတိုးပေးသွားမည် ဖြစ်ပါကြောင်း"**

ပြောကြားသွားခဲ့သည်။

၂၀၀၄ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးကို ၁၄-၁၀-၂၀၀၄ ရက်မှ ၃၁-၁၀-၂၀၀၄ ရက်အထိ ကျင်းပခဲ့သည်။ ယခုနှစ်တွင် ပါဝင်ယှဉ်ပြိုင်သူ ဦးရေ ၂၅၀၉ ဦး ရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် 'ရာမာယဏ' ဇာတ်တော်ကြီးကို မြန်မာတို့အကြိုက် နှစ်ခြိုက်ဖွယ် အားပါးတရ ကြည့်ရှုကြရသည်။ အမျိုးသားအက၊ အမျိုးသမီးအက၊ ရုပ်သေးတို့လည်း ပါဝင်သည်ကိုတွေ့ရသည်။ အိုးစည်၊ ပတ္တလား၊ ဒုံမင်း၊ဂီတာ၊ တယော၊ ဒိုးပတ်၊ စောင်း၊ နှဲ၊ ဆိုင်းအဖွဲ့လိုက်၊ ဆိုင်းတစ်ဦးချင်း စသည်ဖြင့် ဝါသနာရှင် ပွဲကြည့်ပရိသတ်တို့အတွက် လေ့လာကြည့်ရှုအားပေးစရာ အမယ် (အမည်) စုံလှသည်မို့ နှစ်ထောင်းအားရ ရှိရသည်။

ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၏ စီမံမှုဖြင့် ဆပ်ကော်မတီအသီးသီးက လုပ်ငန်းများညှိနှိုင်းကြလျက် ပြိုင်ပွဲဝင်များနှင့် အကဲဖြတ်နိုင်ရေး စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး၊စားသောက်ရေး၊ တည်းခိုနိုင်ရေးအဆင်ပြေအောင် စီမံထားရှိသည်ကို တွေ့ရသည်။ အဆို၊ အက၊ အရေး၊ အတီးနှင့် ဇာတ်သဘင်၊ ရုပ်သေးဆိုင်ရာ အကဲဖြတ်အဖွဲ့များကလည်း ပြိုင်ပွဲဝင်များအတွက် ပြည့်စုံအောင် စီစဉ်ဆောင်ရွက်ပေးခဲ့ကြကြောင်း တွေ့ရသည်။

**မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးတာဝန်သည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော မွေးရာပါတာဝန်ဖြစ်သည့်အလျောက် မိမိစွမ်းအားရှိသမျှ ပါဝင်ဆောင်ရွက်ခြင်းသည်ပင် ရိုးရာအမွေဆက်ခံခြင်း အဓိပ္ပာယ်ဖြစ်သည်။ တစ်ပါတည်းပင် မိမိခံယူသော အမွေကိုလည်း နောင်လာမည့် မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းပေးဝေခြင်း တာဝန်ကို ထမ်းဆောင်ရပေလိမ့်မည်။**

မြန်မာ့ယဉ်ကျေးမှု အရှည်တည်တံ့ ခိုင်မာရေးအတွက် အမွေခံကောင်းများကို "မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက ၊အရေး ၊အတီးပြိုင်ပွဲကြီး"က လက်ဆင့်ကမ်းပေးဝေနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားအောင် ဆောင်ရွက်ခြင်း၊ ဘိုးဘွားမိဘများ အစဉ်အဆက် ထိန်းသိမ်းလာခဲ့သော ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ထွန်းကားရေးကို နောင်မျိုးဆက်သစ်များအား လက်ဆင့်ကမ်းပေးခြင်းဖြင့် အနှစ်သာရများ ပြည့်ဝသော "မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး"ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

အောက်တိုဘာ ၂၀ရက်က ပုဇွန်တောင်မြို့နယ် မဟာစည်ဩဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာတွင် ဆောက်လုပ်ဆဲ သုံးထပ်မဂ္ဂင်ဓမ္မာရုံ ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို ဒေါ်နုနု မိသားစု အမှတ်(၁၆) ၅၅လမ်း ဗိုလ်တထောင်မြို့နယ်က အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးဝင်းအောင်ထံ ပေးအပ် လှူဒါန်းစဉ်။ (က-ပ)



ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၈)ရပ်ကွက် လုံးဆိုင်ရာ သာသနာ့ ရက္ခိတ ဆွမ်း လောင်း အသင်းမှ ဝါတွင်းကာလ အင်္ဂါနေ့နံနက်တိုင်း သံဃာတော် ၆၈၆ ပါးတို့အား အရုဏ်ဆွမ်းလောင်း လှူ လျက်ရှိရာ (၁၁)နှစ် ဆက်တိုက် အလှူရှင် ဦးမောင်မောင်-ဒေါ်စန်း(အန်တီစန်း)အထည်ဆိုင် မိသားစု အောက်တိုဘာ၂၆ရက်က လောင်းလှူကြစဉ်။ (က-ပ)



# ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ–၂၀၀၄ ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂

**ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ–၂၀၀၄ ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယကများဖြစ်ကြသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပြပွဲကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ပြပွဲကျင်းပရေး ဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

**ရှင်းလင်းဆွေးနွေး**

အစည်းအဝေးတွင် ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယကများဖြစ်ကြသော ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က အဖွင့်အမှာစကားပြောကြားကြပြီး ပြပွဲကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ငါးနိုင်ငံကုန်စည်ပြပွဲနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြပွဲကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အေးက ပြပွဲနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက် ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးနှင့် မြို့တော်ဝန်တို့က ဖြည့်စွက်ဆွေးနွေးကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**လှည့်လည်ကြည့်ရှု**

အစည်းအဝေးအပြီးတွင် ဝန်ကြီး၊ မြို့တော်ဝန်နှင့် အဖွဲ့သည် ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ ကျင်းပမည့် မြန်မာကွန်ဗင်းရှင်းစင်တာအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ–၂၀၀၄ကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၁ရက်မှ ၅ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဂန္ဓကုဋိတိုက်ကျောင်းဆောင် ရေစက်ချလှူဒါန်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ကွမ်းယင်းစမ်းတော့ပိန် သာသနာ့ရိပ်သာ ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲနှင့် ဂန္ဓကုဋိတိုက်ကျောင်းဆောင် ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃၁ရက်က အဆိုပါ သာသနာ့ရိပ်သာ၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသနှင့်ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြည်ညိုကြသည်။

**ဖွင့်လှစ်ပေး**

ရေးဦးစွာ သာသနာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး၊ အလှူရှင် ဦးကျော်လင်းနှင့် ဦးလှမင်းတို့က ဂန္ဓကုဋိတိုက်ကျောင်းဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာ ဘိဝံသထံမှ ဒုတိယဝန်ကြီးနှင့်ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက် ဆရာတော်ကြီး၏ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်းနှင့်သာသနာရေးဝန်ကြီးဌာန သာသနာရေးရန်ပုံငွေအတွက် အလှူငွေကျပ် ငါးသိန်းတို့ကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လက်ခံသည်။ **(အပေါ်ပုံ)**

ယင်းနောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာ အောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ဧည့်ပရိသတ်တို့က ရေစက်ချအနုမောဒနာတရားနာယူကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**အောက်တိုဘာ၃၀ရက်က Asian Trails Tour Limited မိသားစုက သီတင်းကျွတ်လပြည့်ကျော်၁ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားရင်ပြင်တွင် ဆီမီး၂၅၀၀ ထွန်းညှိ ပူဇော်စဉ်။**

**(က–ပ)**

# (၄၁)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျောင်းသား ကျောင်းသူဟောင်းများ၊ သီရိမေဝတ်အသင်း ကျောင်းအကျိုးတော်ဆောင်များနှင့် ရပ်ကွက်စေတနာရှင်များ စုပေါင်းလျက် (၄၁)ကြိမ်မြောက် ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလဆန်း ၁၀ ရက် (နိုဝင်ဘာ ၂၁ ရက်) တနင်္ဂနွေနေ့ နံနက် ၆ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကထိန်သင်္ကန်းပါဝင်လှူဒါန်းလိုသူများ ဖုန်း–၅၄၅၈၃၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၁၅)**

# အိမ်မဲမြို့ အမက အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂**

ဧရာဝတီတိုင်း အိမ်မဲမြို့ မြို့မ (၁) အမကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ခုနစ်ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ၂၈ရက် မွန်းတည့်၁၂နာရီတွင် အိမ်မဲမြို့ မြို့မ(၁) အမက ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးလှမြင့် ဖုန်း–၆၆၆၈၂၅ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရ သည်။ **(က–ပ)**

# ကာကွယ်ရေးဦးစီးချုပ်( ရေ )တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂**

၂၀၀၄ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် အားကစားကွင်း၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**တက်ရောက်အားပေး**

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်ရှိ တပ်၊ စခန်း၊ ရေယာဉ်များမှ အရာရှိကြီးများ၊ အရာရှိ/စစ်သည်များ၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်အားပေးကြသည်။

အဆိုပါ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက် ဒိုင်းဆုကို ဧရာဝတီရေတပ်စခန်းဌာနချုပ်အသင်းက ရရှိသည်။

**ဆုများချီးမြှင့်**

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက် ဒိုင်းဆုရရှိသော ဧရာဝတီရေတပ်စခန်းဌာနချုပ် အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်က ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်သပြေလမ်း တိုက် ၁၇ အခန်း ၁၀၁နေ ဗိုလ်မှူးကြီးဆန်းထွန်း–ဒေါ်တင်တင်မိုး မိသားစုတို့က ဗိုလ်မှူးကြီးဆန်းထွန်း၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)နှင့် အဖွဲ့ဝင်ဦးချစ်မြိုင်သို့ ပေးအပ်လှူဒါန်းစဉ်။**

**(က–ပ)**

# ဂျပန်နိုင်ငံမှ ဘော်လီဘောနည်းပြရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ညှိနှိုင်းစီစဉ်မှုဖြင့် မြန်မာ့လက်ရွေးစင် အမျိုးသား၊ အမျိုးသမီးအသင်းတို့ကို နည်းပြရန်အတွက် ဂျပန်နိုင်ငံမှ ဘော်လီဘောနည်းပြဆရာ Mr. Koji Tsu Z urabar သည် အောက်တိုဘာ ၃၁ရက် မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**



# ဓမ္မစေတီဆရာတော် တရားတော်များဟောကြားမည်

**ရန်ကုန် နိုဝင်ဘာ ၂**

ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လအရှင်မြတ်သည် နိုဝင်ဘာ ၃ရက်တွင် တောင်ဥက္ကလာပ ဝေဇယန္တာဓမ္မာရုံ၊ နိုဝင်ဘာ ၆ရက်တွင် ဓမ္မစိန္တာလမ်း ကျောက်မြောင်း၊ နိုဝင်ဘာ ၇ရက်တွင် သမ္မာဆန္ဒရက္ခိတ အသင်း လှည်းတန်း (၃)ရပ်ကွက် ကမာရွတ်၊ နိုဝင်ဘာ ၉ရက်တွင် (၁၀)ရပ်ကွက် သာကေတ၊ နိုဝင်ဘာ ၁၁ရက် နံနက်၉နာရီတွင် ဓမ္မစေတီကျောင်းကထိန်၊ နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဦးရွှေမှန်ဈေး စမ်းချောင်းမြို့နယ်၊ နိုဝင်ဘာ ၂၀ရက် ညနေ ၄နာရီတွင် အလုံကွင်းကျောင်းနှင့် ည ၇နာရီတွင် တောင်ဥက္ကလာပ မိဂဒါဝမ္မာရုံတို့၌ လည်းကောင်း၊ နိုဝင်ဘာ ၂၁ရက် ညနေ ၅နာရီတွင် ကြည့်မြင်တိုင် ကမ်းနားလမ်းဈေးကထိန်၊ နိုဝင်ဘာ ၂၁ရက်နှင့် ၂၂ရက်တို့တွင် လှိုင်မြို့နယ် (၁)ရပ်ကွက်၊ နိုဝင်ဘာ ၂၃ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) သစ်လုပ်ငန်းဓမ္မာရုံ၊ နိုဝင်ဘာ ၂၄ ရက်နှင့် ၂၅ရက်တို့တွင် စမ်းချောင်းမြို့နယ် သံတံတားလမ်း၊ နိုဝင်ဘာ ၂၆ရက်နှင့် ၂၇ ရက်တို့တွင် ကံမြင့်ကျောင်းတိုက် စမ်းချောင်းနှင့် နိုဝင်ဘာ ၂၈ရက်မှ ဒီဇင်ဘာ ၂ရက်အထိ ဓမ္မစေတီတရားပွဲ အောင်သိဒ္ဓိကျောင်းတိုက် အောင်ဓမ္မရိပ်သာ သမိုင်းဓမ္မသဘင်တို့၌ လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း စက်မှုဝန်ကြီးဌာနမှ ကြီးမှူး ဖွင့်လှစ်သော Computer Network အမှတ်စဉ် (၁/၂၀၀၄) နှင့် (၂/၂၀၀၄) သင်တန်းဆင်းပွဲတွင် သင်တန်းသား ခေါင်းဆောင်သို့ သင်တန်းဆင်း လက်မှတ်များပေးအပ်စဉ်။ (စက်မှု-၁)

# အမှတ်(၁)စက်မှုဝန်ကြီးဌာန ကွန်ပျူတာနက်ဝပ်သင်တန်းဆင်း ဝန်ကြီးဦးအောင်သောင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၂

**အမှတ်(၁) စက်မှုဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သော Computer Network အမှတ်စဉ် (၁/၂၀၀၄) နှင့် (၂/၂၀၀၄)သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁ရက် နံနက် ၇ နာရီက အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ သင်တန်းခန်းမဆောင်၌ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် ဗိုလ်မှူးချုပ်ကျော်ဝင်း၊ ဦးစီးဌာနလုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ စက်ရုံမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူ ၆၆ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဦးအောင်သောင်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားခေါင်းဆောင်သို့ ချီးမြှင့်သည်။

## ဂုဏ်ပြုဆုပေးအပ်

ဆက်လက်၍ ဗဟိုဝန်ထမ်း တက္ကသိုလ်(ဖောင်ကြီး) စာရေးဝန်ထမ်း(ကြီးကြပ်မှု) သင်တန်း အမှတ်စဉ်(၆၂) သေနတ်ပစ် ထူးချွန်ဆုရရှိသူ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အခြေခံဝန်ထမ်းလောင်းသင်တန်း အငယ်တန်း အမှတ်စဉ်(၂၄) သင်တန်းသား ဒုတိယဆုနှင့် စစ်ရေးပြဆုရရှိသူ၊ သေနတ်ပစ် ထူးချွန်ဆုရရှိသူ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)အခြေခံဝန်ထမ်းလောင်း သင်တန်း(အငယ်တန်း) အမှတ်(၄)သင်တန်းသူ စံပြဆုနှင့် သေနတ်ပစ်ထူးချွန်ဆုရရှိသူတို့အား ဂုဏ်ပြုဆုများပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးဦးအောင်သောင်းသည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ Computer Network တပ်ဆင်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တပ်ဆင်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဖက်ဒရေးရှင်းအစည်းအဝေးကျင်းပရေးဆိုင်ရာအကြိုညှိနှိုင်း

ရန်ကုန် နိုဝင်ဘာ ၂

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)မှ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂ရက်မှ ၄ ရက်အထိ ရန်ကုန်မြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် ကာကွယ်ရေးဖက်ဒရေးရှင်း၏ (၁၄)ကြိမ်မြောက် အစည်းအဝေးကျင်းပရေးဆိုင်ရာ အကြိုညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁ရက် ညနေ ၇နာရီတွင် Grand Plaza Park Royal ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာနေဝင်းနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာနေဝင်းက 14th IFNGO အစည်းအဝေးကျင်းပရေး ပြင်ဆင်ဆောင်ရွက်ထားချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အစည်းအဝေးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အလှူရှင် ၁၁ ဦးက အလှူငွေကျပ် ၁၄၅ သိန်းနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀ကို ပေးအပ်လှူဒါန်းကြရာ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းကိုယ်စား မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က လက်ခံ၍**(ယာပုံ)**ကျေးဇူးတင်စကားပြန်လည် ပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# သူနာပြုများအတွက် လုပ်ငန်းခွင်ကျန်းမာရေးသင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းပြုလုပ်သော သူနာပြုများအတွက် လုပ်ငန်းခွင်ကျန်းမာရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁ရက် နံနက်က ၉နာရီက အမှတ် ၁၁ (က) အောက်ကြည့်မြင်တိုင်လမ်း အလုံမြို့နယ် ရန်ကုန်မြို့ရှိ လုပ်ငန်းခွင် ကျန်းမာရေးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ဒေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးတင်ဝင်းမောင်က အဖွင့်အမှာစကားပြောကြားသည်။**(အောက်ပုံ)**

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းကာလမှာ နိုဝင်ဘာ ၁ ရက်မှ ၅ရက်အထိဖြစ်ပြီး နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများမှ သူနာပြုဆရာ ဆရာမ ၂၀ တက်ရောက်ကြသည်။ **(က-ပ)**

# မဟာသန္တိသုခ စုပေါင်းဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၂**

တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ဂေါပက အလုပ်အမှု ဆောင်အဖွဲ့၊ ပညာရေးကော်မတီ၊ ဝေယျာဝစ္စ အမျိုးသမီးအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ အဘိဓမ္မာသင်တန်း၊ တာမွေမြို့နယ်အထက(၄)နှင့်အလှူရှင်များ၏ အဌမအကြိမ်မြောက်စုပေါင်းဘုံကထိန်ပွဲကို အောက်တိုဘာ ၃၁ရက်က ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ အောင်မြေဘုံစံ ဆရာတော် အမှူးပြုသော ပင့်သံဃာတော်၁၂ပါး၊ ကျောင်းနေဝါဆို ဆရာတော် ၂၂ပါးတို့ ကြွရောက်တော်မူကြသည်။

အခမ်းအနား အစီအစဉ်အရ မဟာသန္တိသုခဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၏ မေတ္တာပို့ ဆုတောင်း ဝတ်ရွတ်စဉ်ကို တာမွေမြို့နယ် အထက(၄) ကျောင်းသူလေးများက သံပြိုင်ရွတ်ဆို ပူဇော်ကြသည်။ ဆက်လက်၍ ကထိန်လျာ ဥတ်သက်န်းကို အလှူရှင်များကိုယ်စား ဂေါပကအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)က ဒုတိယ ဥက္ကဋ္ဌဆရာတော်ထံ ကပ်လှူပြီး အလှူရှင်များက သံဃာတော်များအား ကထိန်သင်္ကန်းများ ကပ်လှူကြသည်။

ထို့နောက်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်က ကထိန် အနုမောဒနာတရားဟောကြား၍ ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ **(သတင်းစဉ်)**






**သဃ်န်းကျွန်းမြို့နယ် ၁၆/၄ ရပ်ကွက် ပြည်သာယာနိဗ္ဗာန်ဆော်လူငယ်များအဖွဲ့ ဆွမ်းသိမ်းအောင်ပွဲကို အောက်တိုဘာ ၂၇ရက်က ကျင်းပရာ နိဗ္ဗာန်ဆော်လူငယ်များ ရပ်ကွက်အတွင်း မလှည့်လည်မီတွေ့ရစဉ်။** (က-ပ)

# ဒါးပိန်မြို့ အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂**

၁၉၅၈ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ အမက၊အထက ဒါးပိန်မြို့တွင် ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆရာကြီး၊ ဆရာမကြီးများက ကွယ်လွန်ခဲ့ပြီးသော ဆရာကြီး၊ ဆရာမကြီးများအား ရည်စူး၍ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းကပ်လှူဒါန်းပြီး ကျန်ရှိနေသော ဆရာကြီး၊ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ရာ ဦးစိုးကြည် ဖုန်း-၅၇၂၁၈၄ (ရန်ကုန်)၊ ဦးကျော်ဇော ဖုန်း-၅၂၅၂၂၉ (လိုင်းခွဲ)၂၆၀၊ ဦးမြင့်ကြည်(ခ)ဦးခင်မောင်ကြွယ် ဖုန်း-၀၉-၈၀ ၂၅၂၆၅၊ ဦးလှဌေး ဖုန်း-၅၇၀၅၁၃နှင့် ဦးဝင်းကြည် ဖုန်း-၇၀၉၀၂၃ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ပထမတန်းနှင့်ဒုတိယတန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်များစတင်ယှဉ်ပြိုင်ကစား

**သတင်းဆောင်းပါး-ကိုထွေး**

ရန်ကုန် နိုဝင်ဘာ ၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ ပထမတန်းနှင့် ဒုတိယတန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် ပွဲစဉ်များကို စက်တင်ဘာ ၆ရက်မှ စတင်၍ စမ်းချောင်းမြို့နယ် ပဒုမ္မာ အားကစားကွင်း၌ ကျင်းပရာ အောက်တိုဘာ ၂၇ရက်တွင် ပြီးဆုံးသွားပြီဖြစ်သည်။ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်ရေးဆွဲခြင်းနှင့် အသင်းအုပ်ချုပ်သူများ အစည်းအဝေးကို အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၁နာရီတွင် အမျိုးသားဘောလုံး လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပခဲ့သည်။ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များကို မဲနှိုက်၍ ရေးဆွဲခဲ့ရာ နိုဝင်ဘာ ၂ရက်မှစတင်၍ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

**ပထမတန်း**

၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ ပထမတန်းကွင်းဖွင့်ဖလား ဘောလုံး ပြိုင်ပွဲတွင် ၁၃သင်း ပါဝင်ယှဉ်ပြိုင်ရာ အုပ်စုလေးစုခွဲ၍ ပထမအဆင့်ပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်များ အပြီးတွင် အုပ်စု(က)မှ တပ်မတော်(ရေ)နှင့် လျှပ်စစ်စွမ်းအား၊ အုပ်စု(ခ)မှ ရထားပို့ဆောင်ရေးနှင့် အား/ကာသိပ္ပံ၊ အုပ်စု(ဂ)မှ သတ္တုတွင်းနှင့်မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အုပ်စု(ဃ)မှ ဆက်သွယ်ရေး၊ စာတိုက်ကြေးနန်းနှင့် စီးပွား/ကူးသန်း(ခ)တို့ ဒုတိယအဆင့်သို့ တက်ရောက်လာခဲ့ကြသည်။

ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်များ ရေးဆွဲထားမှုအရ နိုဝင်ဘာ ၂ရက်တွင် ဆက်သွယ်ရေး၊ စာတိုက်ကြေးနန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်း၊ နိုဝင်ဘာ ၄ရက်တွင် ရထားပို့ဆောင်ရေးအသင်းနှင့် လျှပ်စစ်စွမ်းအားအသင်း၊ နိုဝင်ဘာ ၆ ရက်၌ သတ္တုတွင်းအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ နိုဝင်ဘာ ၈ ရက်တွင် တပ်မတော်(ရေ)အသင်းနှင့်စီးပွား/ကူးသန်း(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပထမအကြို ဗိုလ်လုပွဲကို နိုဝင်ဘာ ၁၀ရက်တွင် လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲကို နိုဝင်ဘာ ၁၂ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။ နောက်ဆုံး ဗိုလ်လုပွဲ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။ ယမန်နှစ်ပထမတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်း ဗိုလ်စွဲထားသည်။ နိုဝင်ဘာ ၂ ရက် ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းက ဆက်သွယ်ရေး၊ စာတိုက်ကြေးနန်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

**ဒုတိယတန်း**

၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ ဒုတိယတန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ၌ ၁၁သင်း ပါဝင်ယှဉ်ပြိုင်ရာ အုပ်စုသုံးစုခွဲ၍ ပထမအဆင့်ပတ်လည် ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရသည်။ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ အပြီးတွင် အုပ်စု(က)မှ တံခွန်(ခ)အသင်း၊ ပထပအသင်းနှင့် ရန်ကုန်တိုင်း လူငယ်အသင်း၊ အုပ်စု(ခ)မှ ရွှေညီနောင်အသင်း၊ ငွေကြယ်ပွင့်လေးများအသင်း၊ နှင့် အားကစားဝန်ကြီးဌာနအသင်း၊ အုပ်စု(ဂ)မှ တပ်မတော်(လေ)အသင်းနှင့် ဥက္ကလာလူငယ်အသင်းတို့ ဒုတိယအဆင့်သို့ တက်ရောက်လာကြသည်။

**ဒုတိယအဆင့်**

ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များ ရေးဆွဲထားမှုအရ နိုဝင်ဘာ ၃ ရက်တွင် ရွှေညီနောင်အသင်းနှင့် ပထပအသင်း၊ နိုဝင်ဘာ ၅ ရက်တွင် ငွေကြယ်ပွင့်လေးများအသင်းနှင့် ရန်ကုန်တိုင်းလူငယ်အသင်း၊ နိုဝင်ဘာ ၇ ရက်တွင် တံခွန်(ခ)အသင်းနှင့် ဥက္ကလာလူငယ်အသင်း၊ နိုဝင်ဘာ ၉ ရက်တွင် တပ်မတော်(လေ)အသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပထမအကြိုဗိုလ်လုပွဲကို နိုဝင်ဘာ ၁၁ရက်တွင်လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲကို နိုဝင်ဘာ၁၃ရက်တွင်လည်းကောင်းကျင်းပမည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်းသိရသည်။

ယမန်နှစ် ဒုတိယတန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲတွင် စီးပွား/ကူးသန်း(ခ)အသင်းဗိုလ်စွဲထားသည်။ စီးပွား/ကူးသန်း(ခ)အသင်းသည် ဒုတိယတန်းအမှတ်ပေးပြိုင်ပွဲတွင် ပထမရရှိခဲ့သဖြင့် ယခုအခါ ပထမတန်းသို့တက်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

**တတိယတန်း**

ပထမတန်းနှင့် ဒုတိယတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲများ ပြီးဆုံးသွားပါက ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ တတိယတန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ၊ ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲနှင့် ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ ဒုတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

---

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

**၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၉၉၉၆)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

---

# ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကိုအလှူရှင်များက နေ့စဉ်မပြတ်လှူဒါန်းလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စေတနာရှင်အလှူရှင်များက နေ့စဉ်မပြတ်ငွေနှင့်စာအုပ်များကို ပေးပို့လှူဒါန်းလျက်ရှိသည်။**

၂၀၀၄ခုနှစ် အောက်တိုဘာလအတွင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)သို့ တိုက်ရိုက်လှူဒါန်းခဲ့ကြသည့် အလှူရှင်များမှာ ဦးကူပင်းရန်-ဒေါ်သီတာဝင်းက ငွေကျပ် ၆၀၀၀၊ ဦးသန်းလေး-ဒေါ်သင်းသင်း(လပွတ္တာ)ကငွေကျပ် ၅၀၀၀၊စာရေးဆရာသုကိုကို(ဝါးခယ်မ)ကငွေကျပ် ၂၀၀၀၊ စာရေးဆရာမ ဧပရယ်က ငွေကျပ် ၁၀၀၀နှင့်ဂျာနယ်စုံ ၁၁၅ စောင်၊ ဦးသောင်းမြင့်က ငွေကျပ် ၃၀၀၀ နှင့် ရီးရာပုံပြင် ၁၀ အုပ်၊ ဒေါ်သန်းနုက ငွေကျပ် ၁၀၀၀ နှင့် မဂ္ဂဇင်းစာစောင် ၂၇ အုပ်၊ မပြိုးပြိုးမူ၊ဦးသိန်းမြင့်တို့က ငွေကျပ် ၅၀၀၀ နှင့် မဂ္ဂဇင်းစာစောင် ၆၄ အုပ်၊ ဦးစံတင်-ဒေါ်ခင်တိုးက ငွေကျပ် ၅၀၀၀နှင့်စာစောင် ၁၅ စောင်၊ ဦးလွင်နိုင်-ဒေါ်မိုးမိုးမာက မဂ္ဂဇင်း၊ ဂျာနယ်အုပ် ၁၅၀၊စာရေး ဆရာ ရွှေလေးမောင်က သုတစာအုပ် ၁၈ အုပ်၊ ဒေါ်သောင်းသောင်းဝင်းက မဂ္ဂဇင်းစုံ ၁၆ အုပ်၊ ဒေါ်မြင့်မြင့်က ဘာသာရေးစာစောင် ၆၃ စောင်၊ ဒေါ်သက်သက်အောင်ကဝတ္ထု၊မဂ္ဂဇင်း၊ ဂျာနယ် ၁၄၁ အုပ်၊ ဦးနေဦးလှိုင်-ဒေါ်တင်တင်ဌေးက ဂျာနယ်စုံ ၃၀၀၊ ဒေါ်ခင်မာထွေးက စာစောင် ၂၇၇ စောင်၊ ဒေါ်ကြူကြူမာက သုတစာအုပ် ၂၀၊ ဦးသန်းဝင်း-ဒေါ်ချစ်ချစ်ဝင်းက မဂ္ဂဇင်း စာစောင် ၁၃၉ အုပ်၊ ဒေါ်မြင့်မြင့်သန်းက မဂ္ဂဇင်းစုံ ၉၃ အုပ်၊ ဒေါ်စန္ဒာသွင်က မဂ္ဂဇင်းစုံ ၃၀၊ ဦးဆွေငြိမ်းက သုတစာအုပ် ခြောက်အုပ်၊ ဗိုလ်မှူးကြီးကျော်စိုးက ဝတ္ထု၊ မဂ္ဂဇင်း ၂၂ အုပ်၊ ဦးရွှေခံအောင်က ဝတ္ထု၊မဂ္ဂဇင်း၊ဂျာနယ် ၆၂ အုပ်၊ ဦးချိန်ဆိုင်-ဒေါ်စန်းကြူက သုတရသစာစောင် ၁၅၁ အုပ်၊ မီကို၊ နန်းခင်သန်းဦးက မဂ္ဂဇင်း၊ဂျာနယ် ၆၄ အုပ်တို့ ဖြစ်ကြသည်။

အဆိုပါ စေတနာရှင်အလှူရှင်များထံ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကျေးဇူးတင်ရှိကြောင်း ဂုဏ်ပြုလွှာများကို ပေးပို့လျက်ရှိကြောင်းနှင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊စာစောင်များနှင့် ငွေပဒေသာပင်များကို အမှတ်(၂၂/၂၄) ပန်းဆိုးတန်းလမ်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# အဆင့်မြင့်တန်းပတ်လည်ဘောလုံးပြိုင်ပွဲဆက် စီးပွား/ ကူးသန်းအသင်းအုပ်စုပထမရရှိ

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် စတုတ္ထအကြိမ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အဆင့်မြင့်တန်းပတ်လည် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းက ကမ္ဘောဇအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စီးပွား/ကူးသန်းအသင်းအတွက်ပထမဂိုးကို ပွဲချိန်၉မိနစ်တွင် မျိုးသူကျော်ကလည်းကောင်း၊ ဒုတိယဂိုးကို ပွဲချိန်မိနစ်၈၀တွင် ကျော်ဇင်ဝင်းကလည်းကောင်း သွင်းယူပေးသည်။ အုပ်စု(ခ)ပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ စီးပွား/ကူးသန်းအသင်းက နှစ်ပွဲနိုင်(၆)မှတ်ဖြင့် အုပ်စုပထမ၊ ပို့ဆောင်ရေးအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၃)မှတ်ဖြင့် အုပ်စုဒုတိယရရှိပြီး ဒုတိယအဆင့်သို့ တက်ရောက်သွားသည်။ ကမ္ဘောဇအသင်းက နှစ်ပွဲရှုံးအမှတ်မရဘဲ ပြိုင်ပွဲမှ ထွက်သွားရသည်။

**ယနေ့ပွဲ**

နိုဝင်ဘာ၃ရက်**(ယနေ့)**ညနေ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပတ္တမြားနဂါးအသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

---

**ကမ္ဘာတစ်လွှား အားကစား**

# ပရီမီးယားလိဂ်ဘောလုံးပြိုင်ပွဲဆက်လက်ယှဉ်ပြိုင် ချယ်လ်ဆီးနှင့်အာဆင်နယ်အမှတ်တူဦးဆောင်

**လန်ဒန် နိုဝင်ဘာ ၂**

အင်္ဂလိပ်ပရီမီးယားလိဂ်ဘောလုံးပြိုင် ပွဲများကို စနေနေ့ကကျင်းပခဲ့သည်။ အာဆင်နယ်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့သည် ဟိုက်ဘူရီကွင်း၌ ယှဉ်ပြိုင်ကစားကြရာဆောက်သမ်တန်အသင်းက အာဆင်နယ်အသင်းအား ပုံမှန်ပွဲချိန်တွင်နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ကစားခဲ့သည်။ အချိန်ပိုတွင် အာဆင်နယ်အသင်းအတွက် လူစားဝင်လာသူ ရိုဗင်ဗန်ပါဆီးကဒုတိယမြောက်ဂိုးသွင်းပေးလိုက်၍သာ အာဆင်နယ်တို့ဒုတိယမြောက်အရှုံးကိုမရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

အာဆင်နယ်အတွက်ပထမမြောက်ဂိုးမှာ ပြင်သစ်တိုက်စစ်မှူးဟင်နရီက ၆၇ မိနစ်တွင် သွင်းပေးခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ယခုပွဲသရေပွဲဖြစ်ခဲ့၍ ၂၆မှတ်ဖြင့်ပရီမီးယားလိဂ်တွင် ဆက်လက်ဦးဆောင်နေဆဲဖြစ်သည်။

ဝက်စ်ဘရွန်းနှင့်ချယ်လ်ဆီးအသင်းတို့သည် ဟောသရန်းကွင်း၌ယှဉ်ပြိုင်ကစားကြရာချယ်လ်ဆီးအတွက်ဝီလီယံ ဂါးလ်လက်စ်၊ အီဒါဂုတ်ဂျွန်ဆင်၊ဒါမီယမ်ဒတ်ဖ်နှင့်ဖရန့်လမ်းပတ်တို့က တစ်ဂိုးစီသွင်းပေးခဲ့ကြသည်။

ချယ်လ်ဆီးသည်ယင်းပွဲအနိုင်ရရှိခဲ့ခြင်းကြောင့် အာဆင်နယ်နှင့်အမှတ်တူရရှိသွားပြီး ဂိုးကွာခြားချက်ဖြင့်သာ အာဆင်နယ်က ဦးဆောင်နေခြင်းဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ပြီးခဲ့သောသီတင်းပတ်က အာဆင်နယ်ကိုနှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့ရာ ယင်းတို့၏မျှော်လင့်ချက်များပြန်လည်ရရှိခဲ့သော်လည်း ယခုတစ်ပတ်တွင် ပို့စ်မောက်အသင်းကို အလားတူဂိုးဖြင့် အရှုံးပေးလိုက်ရပြန်သည်။

အဲဗာတန်အသင်းသည် အက်စ်တွန်ဗီလာအသင်းနှင့် တစ်ဂိုးစီသရေလုပ်ထား၍ ၂၃မှတ်ဖြင့် တတိယနေရာတွင် ဆက်လက်ရပ်တည်နေဆဲဖြစ်သည်။

မစ်ဒယ်ဘရော့အသင်းသည်ချာလ်တန်အသင်းကိုနှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ခဲ့၍ ၁၈မှတ်ရရှိကာ စတုတ္ထနေရာကို ခုန်တက်နိုင်ခဲ့သည်။ ဘလက်ဘန်းနှင့် လီဗာပူးတို့ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

ဘာမင်ဂမ်အသင်းက ခရစ္စတယ်ပဲလေ့စ်ကို တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ချိန်တွင်ဖူဟမ်အသင်းသည်တော့တင်ဟမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့သည်။

ယခုသီတင်းပတ်အတွင်း ပရီမီးယားလိဂ်ဘောလုံးပြိုင်ပွဲထူးခြားချက်မှာ ချယ်လ်ဆီးအသင်းသည် အာဆင်နယ်နှင့်အတူ အမှတ်တူရရှိကာ ချန်ပီယံဆုဖလားကို အနီးကပ်ယှဉ်လုမည့်အသင်းဖြစ်လာခဲ့ခြင်းဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**



**ဂိုးသွင်းပြီး အောင်ပွဲခံ**

**ချယ်လ်ဆီးအသင်းမှ ဝီလီယံဂါးလ်လက်စ် ဝက်စ်ဘရွန်းအသင်းဘက် သို့ ဂိုးသွင်းပြီး အောင်ပွဲခံနေစဉ်။**

**(ဓာတ်ပုံ- အင်တာနက်)**

---

# ဖက်ဒါရာကမ္ဘာ့နံပါတ်(၁)ဖြစ်လာရန်သေချာ

**စတော့ဟုမ်း နိုဝင်ဘာ ၂**

ကမ္ဘာ့တင်းနစ် အကျော်အမော် ရိုဂျာဖက်ဒါရာသည် ဖလား ၂၁ လုံး ရရှိထားသူဖြစ်သည်။ သူသည် ၁၂ပွဲဆက်တိုက် အောင်ပွဲရရှိခဲ့သူဖြစ်သည်။

သူသည် ၁၉၆၈ခုနှစ်က ဘီဂျူးဘော့ဂ်နှင့် မက်အင်ရိုးတို့ပြီးလျှင် တတိယမြောက် ၁၂ပွဲဆက်တိုက် ဗိုလ်လုပွဲသို့ တက်လှမ်းအနိုင်ရခဲ့သူဖြစ်သည်။

၂၀၀၃ခုနှစ် အောက်တိုဘာလက သူသည် ဗီယင်နာအိုးပင်းဗိုလ်လုပွဲတွင် ကားလော့စ်မိုယာကို ၆-၃၊ ၆-၃၊ ၆-၃ဖြင့်အနိုင်ရဗိုလ်စွဲခဲ့သည်။ နိုဝင်ဘာလက ဟွတ်စတန်၌ မာစတာဖလားတွင် အင်ဒရီအဂက်စ်ဆီကို ဗိုလ်လုပွဲတွင် ၆-၃၊ ၆-၀၊ ၆-၄ဖြင့် နိုင်ခဲ့သည်။

၂၀၀၄ခုနှစ် ဇန်နဝါရီလက သြစတြေးလျအိုးပင်းဗိုလ်လုပွဲတွင် မာရက်ဆာဖင်ကို ၇-၆၊၆-၄၊၆-၂ဖြင့် နိုင်ခဲ့သည်။ မတ်လက ဒူဘိုင်းတွင် ဖလက်စီနိုလိုပက်ဇ်ကို ၄-၆၊ ၆-၁၊ ၆-၂ဖြင့် နိုင်ကာ ဗိုလ်စွဲခဲ့သည်။ အိန္ဒိယမာစတာ တင်းနစ်ပြိုင်ပွဲတွင်လည်း တင်မ်ဟင်မန်အား ဗိုလ်လုပွဲတွင် ၆-၃၊ ၆-၃ဖြင့် နိုင်ခဲ့သည်။

မေလက ဟမ်းဘတ်မာစတာ တင်းနစ်ပြိုင်ပွဲတွင် ဂါလာမိုကော်ရီယာအား ဗိုလ်လုပွဲ၌ ၄-၆၊ ၆-၄၊ ၆-၂၊ ၆-၃ဖြင့် နိုင်ခဲ့သည်။ ဇွန်လက ဟယ်လီတင်းနစ်ဗိုလ်လုပွဲတွင် မာဒီဖစ်ကို ၆-၀၊ ၆-၃ဖြင့်နိုင်ကာ ဗိုလ်စွဲခဲ့သည်။

ဇူလိုင်လက ဝင်ဘလေဒန်၌ အီဂေါ်အင်ဒရူးကို ဗိုလ်လုပွဲတွင် ၆-၂၊ ၆-၃၊ ၅-၇၊ ၆-၃ဖြင့် နိုင်ခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ။**

## ချောက်မြို့နယ် ဘုန်းဘွဲ့ကျေးရွာတွင် အလင်းရောင်စာကြည့်တိုက်ဖွင့်

ချောက် အောက်တိုဘာ ၂၆

**အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက်က ချောက်မြို့နယ် ပြည့်ပင်အုပ်စု ဘုန်းဘွဲ့ကျေးရွာတွင် ကျင်းပသည်။**

အခမ်းအနားတွင် စာကြည့်တိုက် အဆောက်အအုံအား မြို့နယ်ဥက္ကဋ္ဌဦးသီဟ၊ ဒုရဲမှူးချစ်ဆွေနှင့် ဘုန်းဘွဲ့ကျေးရွာဥက္ကဋ္ဌ ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

**ရှင်းလင်းပြောကြား**

ထို့နောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသီဟက အမှာစကားပြောကြားပြီး ဒုရဲမှူးချစ်ဆွေက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စေတနာအလှူရှင်များဖြစ်သည့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သန်းနှင့် ရဲစခန်းမိသားစုက စာအုပ်များပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်က လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**





## ပခုက္ကူခရိုင် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကျင်းပ

**ပခုက္ကူ အောက်တိုဘာ ၂၅**

(၂၅) ကြိမ်မြောက် ပခုက္ကူခရိုင် အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ၁၅ရက် နံနက် ၈ နာရီက ခရိုင်အားကစားကွင်း၌ ကျင်းပရာခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦး **(အပေါ်ပုံ)** က ပြိုင်ပွဲအား ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အားကစားမောင်မယ်များက ခရိုင်ဥက္ကဋ္ဌအား ချီတက်အလေးပြုကြသည်။

ပြိုင်ပွဲတွင် အားကစားနည်း ရှစ်မျိုး ပါဝင် ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင် ငါးမြို့နယ်မှ အားကစားသမား ၁၆၆ ဦး ဝင်ရောက် ယှဉ်ပြိုင်ကစားကြသည်။

**(ခရိုင် ပြန်/ဆက်)**



အောက်တိုဘာ ၁၆ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း (ဗဟန်း ၃ လမ်းမှတ်တိုင်အနီး)တွင် ဒေါ်ခင်ကြည် သားသမီး မြေးတစ်စု (အကယ်ဒမီ-အထည်ဆိုင်) မိသားစု၊ ဗိုလ်ချုပ်ဈေးမှ အလှူတော်ငွေကျပ်တစ်သိန်းကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## ဗလငါးတန် မွဲ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

**စက်တင်ဘာ ၂၈ရက်က သိန်းနီမြို့ နယ်မြေခံတပ်ရင်းမှ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို တပ်ရင်းရုံးခန်းမတွင် ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးအောင်မိုးက မိသားစုဝင်တစ်ဦးချင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။** (မြို့နယ် ပြန်/ဆက်)



## မျက်မမြင်ပပျောက်ရေးအထိမ်းအမှတ်နေ့ ကျင်းပ

**မြိုင် အောက်တိုဘာ ၂၅**

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေး အထိမ်းအမှတ်နေ့ အခမ်းအနားကို အောက်တိုဘာ ၁၄ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ ဆေးရုံခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူးဒေါက်တာမိုးဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် မျက်ခမ်းစပ်နှင့် မျက်မမြင်စီမံကိန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဥမ္မာရီက ကမ္ဘာ့မျက်မမြင်ပပျောက်ရေး အထိမ်းအမှတ်နေ့အကြောင်းနှင့် မျက်မမြင်ဘေးကာကွယ်ရေးအကြောင်းကို ဟောပြောကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနက မျက်စိကျန်းမာရေးစောင့်ရှောက်မှုသင်တန်းကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီး မြို့နယ်အတွင်းရှိ ကျောင်းများသို့ မျက်စိကျန်းမာရေး စစ်ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



**မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုယ့်အားကိုယ်ကိုး မင်္ဂလာစာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၆ ရက်က သာယာကုန်းရပ်ကွက်တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကို၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြမြနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးဘိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (၂၅၉)



**ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စက်တင်ဘာ ၂၉ ရက်က ပန်းဘဲတန်းမြို့နယ် အမှတ်(၈) ရပ်ကွက်ရုံးတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိဦးစိန်တိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်အုန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမျိုးညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**(ခရိုင် ပြန်/ဆက်)





## ဉာဏ စွမ်းရည်ပြိုင်

**မင်္ဂလာဒုံမြို့နယ် မူလတန်းကြိုကျောင်း၏ ၂၀၀၄ ခုနှစ် ဉာဏစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၂၆ရက်က ကျင်းပရာ ကဗျာရွတ်၊ ပုံပြောပြိုင်ပွဲ၌ ဆုရရှိသော ကလေးငယ်များအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းတင့်က ဆုများ ပေးအပ်ချီးမြှင့်စဉ်။** (၃၆၃)

# ဖရဲသခွားမွေး စိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာဆွေးနွေး

## စိုက်ပျိုးရေးသမားများ စီးပွားဖြစ်ထွန်းနိုင်

မိတ္ထီလာ အောက်တိုဘာ ၂၅

**မိတ္ထီလာမြို့နယ်တွင် ဖရဲသခွားမွေး စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ရက် နံနက်က အောင်မင်္ဂလာဇာတ်ရုံတွင် ကျင်းပသည်။**

အခမ်းအနားတွင် နယ်မြေခံတပ်မမှူး ဗိုလ်မှူးချုပ်တင်ဦးလွင်က အဖွင့်အမှာစကားပြောကြားပြီး အနန္တဂုဏ်ရည် စိုက်ပျိုးရေးလုပ်ငန်းရှင် ဦးအောင်ကျော်က ခေတ်မီ ဖရဲသခွားမွေး စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် စိုက်ပျိုးရေးသမားများ စီးပွားရေးဈေးကွက်တွင် စီးပွားဖြစ်ထွန်းနိုင်ကြောင်း ဆွေးနွေးပြီး ပိုးသတ်ဆေးကုမ္ပဏီများက ဖရဲသခွားမွေး စိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သည့် ရာသီဥတု၊ မြေ၊ ရေ၊ စိုက်ပျိုးပုံနှင့် မြေသြဇာအသုံးပြုပုံများကို ရှင်းလင်းဟောပြောကြသည်။

ထို့နောက် အနန္တဂုဏ်ရည် စိုက်ပျိုးရေးလုပ်ငန်းရှင် ဦးအောင်ကျော်က လက်တွေ့စိုက်ပျိုးရာ၌ သတိပြုသင့်သည့် အချက်အလက်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပိုးသတ်ဆေး ကုမ္ပဏီများနှင့် စိုက်ပျိုးရေး ပညာရှင်များက အသီးသီးရှင်းလင်းဖြေကြားကြသည်။

ဖရဲသခွားမွေး စိုက်ပျိုးထုတ်လုပ်ရေးဆွေးနွေးပွဲသို့ မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင်၊ သာစည်၊ တပ်ကုန်း၊ ပျဉ်းမနား၊ မြင်းခြံ၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ မန္တလေး၊ ကျောက်ဆည်၊ စလင်း၊ ဆင်ဖြူကျွန်း၊ ပျော်ဘွယ်၊ ရမည်းသင်း မြို့နယ်များမှ စိုက်ပျိုးရေးဝါသနာရှင်များ၊ စိုက်ပျိုးရေးခြံပိုင်ရှင်များနှင့် တောင်သူလယ်သမားများ တက်ရောက်ကြကြောင်း သိရသည်။ **(၄၁၄)**



**အောက်တိုဘာ ၁၆ရက်က ပြည်မြို့ ကျောင်းကြီးအိုးတန်းရပ်ကွက်၌ ကျင်းပသော မြတ်စေတနာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဆွေနှင့် မြို့နယ် ဥက္ကဋ္ဌ ဦးမြင့်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (က-ပ)

# မန္တလေးတိုင်း မီးသတ်ဦးစီးဌာန လုပ်ငန်းဆိုင်ရာစည်းဝေး

မန္တလေး အောက်တိုဘာ ၁၈

**မန္တလေးတိုင်း မီးသတ်ဦးစီးဌာန၏ လုပ်ငန်းဆိုင်ရာအစည်းအဝေးကို အောက်တိုဘာ ၁ရက်က တိုင်းမီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။**

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူး ရဲကျော်သူရဲသူရသန်းကျော်ကျော်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ယာဉ်များ ကြွခိုင်ရေးမှာကြားသည်။ ထို့နောက် ခရိုင်ဦးစီးအရာရှိများက ခရိုင်အလိုက် မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်ရေးဆွဲထားမှုနှင့် တိုင်းမီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြကြရာ တိုင်းမီးသတ်ဦးစီးဌာနမှူးက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းသည်။ **(အပေါ်ပုံ)** **(၁၆၂)**

# ယာဉ်၊ စက်ယန္တရားများ အစဉ်ကြံ့ခိုင်ရေး ကွင်းဆင်းစစ်ဆေး

**ကာမိုင်း အောက်တိုဘာ ၂၀**

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်စက်ယန္တရားများ အစဉ်ကြံ့ခိုင်နေရန်နှင့် အဖွဲ့လုပ်ငန်းများတွင် အပြည့်အဝ အသုံးပြုနိုင်ရန်အတွက် အငယ်တန်းအင်ဂျင်နီယာ (၂)မြို့ပြ ဦးအေးဇော်မြင့်နှင့် ဝန်ထမ်းများက ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၇ရက်က မြို့နယ်တာဝန်ခံ ဦးအင်ခွမ်တူး ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။ **(၄၁၆)**



**မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်လျက်ရှိသော မြို့ပတ်လမ်း(၂) ကျောက်ချောခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ၂၈ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမြင့်ဦး ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးထွန်းရင်တို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



**လယ်ဝေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကျွန်းကုန်းကျေးရွာသစ် နှစ်လက်မစက်ရေတွင်း တူးဖော်ပြီးစီးမှုကို စက်တင်ဘာ၂၀ရက်က အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းဇော်တို့ ကြည့်ရှုစစ်ဆေးကြစဉ်။** (နယ်စပ်စည်ပင်)



# ပင်လုံမြို့တွင် ဝမ်မိုင်ကျေးလက်စာကြည့်တိုက်ဖွင့်

**ပင်လုံ အောက်တိုဘာ ၁၂**

ပင်လုံမြို့ ပန်မုန့်ကျေးရွာအုပ်စု ဝမ်မိုင်ကျေးရွာတွင် ဝမ်မိုင်ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ရက်က ဝမ်မိုင်ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်၊ ခရိုင်ဦးစီးအရာရှိ ဦးသောင်းဝင်းနှင့် ပန်မုန့်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဘထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ စာအုပ်အလှူရှင်များက ဝမ်မိုင်ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ် ၂၄၆အုပ် ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကျေးလက်ကျောက်ချောလမ်း ရေနုတ်မြောင်း တူးဖော်

**ပင်လောင်း အောက်တိုဘာ ၂၆**

ပင်လောင်းမြို့ မင်းဘူးရွာအဝင်လမ်း ဘေးဝဲယာ ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၀ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးစောလှဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုး၊ တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်မိုးခိုင်တို့ ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက မင်းဘူးရွာရှိ ကျေးရွာပြည်သူများပူးပေါင်း၍ ဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# အဆင့်မြင့်ပျိုးဥယျာဉ်တည်ဆောက်ရေးဆောင်ရွက်

**ညောင်တုန်း နိုဝင်ဘာ ၁**

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဆင့်မြင့်ပျိုးဥယျာဉ် တည်ဆောက်ရေးလုပ်ငန်းကို အောက်တိုဘာ ၃၀ရက်က လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ပိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းမိုးထိုက်တို့က ကြီးကြပ်လျက် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပန်းအလှပင်များ၊ အရိပ်ရပင်များ စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဆင့်မြင့် ပျိုးဥယျာဉ်တွင် ပန်းအလှပင်များနှင့် အရိပ်ရပင်များကို မျိုးစေ့များဖြင့်လည်းကောင်း၊ ကိုင်းကူးစနစ်ဖြင့်လည်းကောင်း ပျိုးထောင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၉၈)**

# အမြို့မြို့ အနယ်နယ် သတင်းများ

## ဇောတိကသမဝါယမ နှစ်ပတ်လည်စည်းဝေး

**ဂန့်ဂေါ အောက်တိုဘာ ၂၂**

ဂန့်ဂေါခရိုင် ဆောမြို့နယ် ဇောတိကသမဝါယမ အသင်းလီမိတက်၏ ၂၀၀၃-၂၀၀၄ ခုနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို စက်တင်ဘာ ၂၁ရက်တွင် အသင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် အသင်းသားများ၏ သားသမီးများ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ၂၈ဦးတို့အား ဆုများကို သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဦးမြင့်အောင်က ဘာသာရပ်အလိုက် တစ်ဦးချင်း ဆုများပေးအပ်ချီးမြှင့်သည်။ **(၂၇၃)**



# မြန်မာ့အသံ

**၄-၁၁-၂၀၀၄(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော်
(မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

**နေ့လယ်ပိုင်း**

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
(ဘဝအတွက် ဆန်သည်အသက်)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)စာပေခရီးသည်
(ချစ်နိုင်-စိတ်ပညာ)
(၂)စိတ်ကွန်းခိုရာ(ခင်စောတင့်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ
(ကမ္ဘာမြေအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး-ဒုတိယပိုင်း)
(မောင်ဆုရှင်)
၁၂း၃၀ အစာနှင့် အာဟာရ
(သုံးထပ်ကျောက်ကျော)

**ညနေပိုင်း**

၁၆း၃၀ နိုင်ငံတကာ စီးပွားရေးသတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ သုတရေးရာဖြေကြားလွှာ
၁၈း၁၅ သုခ၏ မင်္ဂလာသုတ်အဖွင့်
(အပိုင်း-၁၉)
၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ
(အကြွေးမတောင်းတတ်သော အမေ)
၁၉း၁၄ နှောင်းတေးထံတျာ



အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက် ဝိသာခါလမ်းနေ ဦးမြင့်ခိုင်နှင့် သားသမီးများက ကွယ်လွန်သူ ဆရာမ ဒေါ်ခင်စီ၏ (၁၁)နှစ်ပြည့်အတွက် ရည်စူး၍ အလှူငွေကျပ်တစ်သိန်းကို အောက်တိုဘာ ၁၇ ရက်က အင်းစိန်မြို့ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြသင်းနှင့်အဖွဲ့က လက်ခံရယူကြစဉ်။ (က-ပ)

## မော်လမြိုင်ကျွန်းမြို့နယ် နာရေးကူညီမှုအသင်း မြေနေရာနှင့် အဆောက်အအုံ လွှဲပြောင်းပေးအပ်

မော်လမြိုင်ကျွန်း အောက်တိုဘာ ၃၁

**မော်လမြိုင်ကျွန်းမြို့ မဟာဗန္ဓုလ( ၁) လမ်းထိပ်တွင် ဆောက်လုပ်ပြီးစီးသွားသော မြို့နယ်နာရေးကူညီမှုအသင်း၏ မြေနေရာနှင့် အဆောက်အအုံ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ် နာရေးကူညီမှုအသင်းရုံးသစ် အဆောက်အအုံခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်နာရေးကူညီမှုအသင်းရုံး ဆောက်လုပ်မည့် မြေနေရာအား တောရကျောင်းဆရာတော်က ရန်ကုန်နာရေးကူညီမှုအသင်းအဖွဲ့ခေါင်းဆောင် စာရေးဆရာမ ဒေါ်သန်းမြင့်အောင်သို့ လည်းကောင်း၊ ကျပ်ငွေ တစ်ဆယ့်ငါးသိန်း ငါးသောင်း ကျော်တန်မြို့နယ်နာရေးကူညီမှုအသင်း အဆောက်အအုံအား အလှူရှင် ဦးလှရွှေ (ခ) ဦးတုတ်၊ ဇနီး ဒေါ်ရဲမြင့် မိသားစုတို့က ရန်ကုန်နာရေးကူညီမှုအဖွဲ့ခေါင်းဆောင်သို့ လည်းကောင်း၊ ရန်ကုန် နာရေးကူညီမှုအဖွဲ့ ခေါင်းဆောင်က မြေနေရာနှင့် အဆောက်အအုံကို မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်ထံသို့ လည်းကောင်း လွှဲပြောင်းပေးအပ်လှူဒါန်းကြသည်။

### လွှဲပြောင်းပေးအပ်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်က မြို့နယ်နာရေးကူညီမှုအသင်းမြေနေရာနှင့် အဆောက်အအုံအား မြို့နယ်နာရေးကူညီမှုအသင်း ဒုတိယဥက္ကဋ္ဌ (၂) ဦးအောင်ဆန်းထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်လှူဒါန်းလိုက်သည်။ **(ယာပုံ)**

**(၀၉၇)**





သန်လျင်မြို့ မြို့ဟောင်း အလက ၏ စတုတ္ထအကြိမ်မြောက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား အာစရိယ ပူဇော်ပွဲကို အောက်တိုဘာ ၂၆ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများက ပူဇော်ကန်တော့ကြစဉ်။ (ခရိုင် ပြန်/ဆက်)

## အိမ်မဲ သာသနာ့ဗိမာန်တော်၌ ဘုံကထိန်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂

**အိမ်မဲမြို့နယ်အသင်း(ရန်ကုန်)မှ ဦးဆောင်၍ ဒေသခံအမှုဆောင်အဖွဲ့ဝင်များ၏ စီစဉ်ကြီးကြပ်မှုဖြင့် အိမ်မဲမြို့ ကျက်သရေဆောင် သာသနာ့ဗိမာန်တော်၌ နိုဝင်ဘာ ၇ ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ကျင်းပမည့် ပထမအကြိမ် မဟာဘုံကထိန်အလှူတော်သို့ အသင်းဝင်များနှင့် မြို့နယ်သူမြို့နယ်သားများက လှူဒါန်းမှုကုသိုလ်ပြုကြမည်ဖြစ်သည်။**

အဆိုပါ လှူဒါန်းပွဲကို ရန်ကုန်မှ မှန်လုံယာဉ်များဖြင့် လိုက်ပါကြမည့် အသင်းဝင်များသည် အလုံမြို့နယ် သခင်မြ ပန်းခြံ၊ ဝက်စတင်းပတ်စုရပ်သို့ ထိုနေ့ နံနက် ၄ နာရီခွဲ အရောက်လာကြရန်၊ အသင်းဝင်များ၏ ကားများဖြင့် သွားရောက်မည်ဖြစ်၍ လှိုင်သာယာ အဝေးပြေးဂိတ်ရှေ့ ရန်ကုန်-ညောင်တုန်းလမ်းပေါ်တွင် နံနက် ၆ နာရီ၄၅မိနစ်အရောက် ဖြစ်ပြီး ကထိန်ပဒေသာပင်သီးနိုင်ရေးနှင့် လှူဒါန်းဧည့်ခံကျွေးမွေးနိုင်ရေးအတွက် လှူဖွယ်ပစ္စည်းများကို တစ်ပါတည်း ယူဆောင်လာကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်လျက်ရှိရာ အသေးစိတ်သိလိုပါက ဥက္ကဋ္ဌဦးအောင်တင် ဖုန်း-၂၅၁၂၃၂၊ ဒုတိယဥက္ကဋ္ဌ ဦးတင်သိန်း ဖုန်း-၂၄၆၉၃၇၊ ဦးကျော်ရှင်း ဖုန်း-၂၉၁၅၀၂၊ အတွင်းရေးမှူး ဦးမြင့်စိုး ဖုန်း-၅၆၅၁၄၀၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင် ဖုန်း-၆၆၂၄၆၇ နှင့် အကျိုးတော်ဆောင် ဦးသိန်းလွင် ဖုန်း-၆၆၁၃၄၉ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။

**(က-ပ)**




ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော (ဦးညွန့်စိန်-ဒေါ်သန်းညွန့်) စိန်ရုပ်ရှင်တို့အား ရည်စူး၍ အမှတ်(၂၂၅)အထက်ကြည့်မြင်တိုင်လမ်း ကြည့်မြင်တိုင်မြို့နယ်နေ ဦးတာတာစိန်-ဒေါ်ထွေးထွေး မိသားစုတို့က အလှူငွေ ကျပ်တစ်သိန်း ခြောက်သောင်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်၊ သုဒဿနလမ်း ၁၆/၂ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)



ပခုက္ကူမြို့ အမှတ်(၁၀)ရပ်ကွက်၊ နဒီရောစာကြည့် တိုက်ဖွင့်ပွဲ အခမ်းအနားကိုအောက်တိုဘာ ၁၄ ရက်က ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပရာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဖေနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးညွန့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

# အမြို့မြို့ အနယ်နယ် သတင်းများ

## အေလာသတ္တုစက်ဝန်ထမ်းများ ပညာအလင်းစာကြည့်တိုက်ဖွင့်

**လယ်ဝေး အောက်တိုဘာ ၁၆**

လယ်ဝေးမြို့နယ် အေလာသတ္တုဗေဒသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဝန်ထမ်းများ၏ ကိုယ့်အားကိုယ်ကိုး ပညာအလင်း စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၈ ရက်က ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို အေလာသတ္တုဗေဒသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဌာနကြီးမှူး ဒေါက်တာဆင့်စိုး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်မြင့်တို့ကဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ဌာနကြီးမှူး ဒေါက်တာဆင့်စိုးက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးခင်မောင်မြင့်က လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ရှင်းလင်းပြောကြားကြသည်။ အလားတူပင် သော်မှော်ကုန်းကျေးရွာအုပ်စု သော်မှော်ကုန်းရွာသစ် စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်များလှူဒါန်းပွဲ၊ ကျွန်းကုန်းရွာသစ်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်များလှူဒါန်းပွဲများကို အောက်တိုဘာ ၁၃ရက်က ကျေးရွာရှိ ဘုန်းတော် ကြီးကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းတို့တွင် ကျင်းပကြသည်။ **(မြို့နယ် ပြန်/ဆက်)**



မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ရန်ကုန်- စစ်တွေကားလမ်းမပေါ်ရှိမြို့အဝင်လမ်းလယ်ကျွန်း တြိဂံ သန့်ရှင်းသာယာလှပရေးအတွက် အောက်တိုဘာ ၂၆ ရက်က မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

## ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

**ခေါင်လန်ဖူး အောက်တိုဘာ ၁၂**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပစေရေးအတွက် စက်တင်ဘာ၂၄ရက်က အဖွဲ့ဝန်ထမ်းများနှင့် မြို့နေပြည်သူများ စုပေါင်း၍ လမ်းဘေး ဝဲယာတစ်လျှောက် ချုံနွယ်များ ရှင်းလင်းခြင်း၊ အမှိုက်များ သိမ်းဆည်းခြင်းနှင့်ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**(ပြည်နယ်စည်ပင်)**



ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့်အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ဇင်မာလွင် တို့ စက်တင်ဘာ၂၄ရက်က အမှတ်(၂) ဈေး ပြုပြင်မှုကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

# ဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများ ပြည်တွင်းမှအသိပညာရှင်၊အတတ်ပညာရှင်များစွမ်းပကားဖြင့်တည်ဆောက်နိုင် တိုင်းရင်းသားပြည်သူများအတွင်း အမှန်အမှားအကောင်းအဆိုးဝေဖန်နိုင်သည့် အသိပညာပြည့်စုံရေးအဓိက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းရေး ပညာရေးကဏ္ဍအရေးကြီး အခြေခံပညာကဏ္ဍ ခိုင်ခိုင်ခံ့ခံ့တိုးတက်ဖြစ်ထွန်းရေး လမ်းညွှန်ချက်များနှင့်အညီကြိုးပမ်းဆောင်ရွက်





**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံပညာရေးကော်မတီ၏ (၄/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

***စာမျက်နှာ ၈ ကော်လံ ၁*** ■



ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ နာနတ်တော ခုံးကျော်တံတား ပုံစံငယ်ကို ကြည့်ရှုစဉ်။ (ရန်ကုန်တိုင်း)

## နာနတ်တောခုံးကျော်တံတား ပန္နက်တင်မင်္ဂလာအခမ်းအနား ကမာရွတ် နာနတ်တောလမ်းနှင့် ဗဟိုလမ်းဆုံအနီး၌ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်လျက်ရှိသည့် နာနတ်တော ခုံးကျော်တံတားပိုင်ရိုက်ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်မင်္ဂလာအချိန်တွင် အဆိုပါခုံးကျော် တံတားတည်ရှိရာ ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် နာနတ်တောလမ်းနှင့် ဗဟိုလမ်း လမ်းဆုံ အနီး၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

***စာမျက်နှာ ၇ ကော်လံ ၁*** ●

### မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါးနှင့်သတင်းအညွှန်း

▲ နိုင်ငံတော်အစိုးရက ဒေသခံပြည်သူများ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆည်တမံအစုအဖွဲ့များကို တည်ဆောက်ဖော်ဆောင်ပေးလျက်ရှိသည့်နည်းတူ ဒေသခံပြည်သူများ အပိုင်းကလည်း ဒေသဖွံ့ဖြိုးတိုးတက်စေရေး၊ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်မြင့်မားစေရေး အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ကိုင်။ ခေါင်းကြီး( စာ–၂)

❖ မြန်မာ့ယဉ်ကျေးမှု အရှည်တည်တံ့ခိုင်မာရေးအတွက် အမွေခံ ကောင်းများကို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးက လက်ဆင့်ကမ်းပေးဝေနိုင်ခဲ့။ ခင်ပြည့်ချစ်၏ဆောင်းပါး(စာ–၁၀)

❏ **နိုဝင်ဘာ၁ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၂၂ဦးရှိသွားပြီ။** နိုင်ငံတကာသတင်း(စာ-၅)

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား



### အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်မှ ဘီဂယ်–၂

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် ဘီဂယ်–၂ အာကာသလေ့လာရေး ယာဉ်ကို တွေ့ရစဉ်။ **(အပေါ်ပုံ)**

ဘီဂယ်–၂ အာကာသလေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ် မျက်နှာပြင်ပေါ်ရှိ ကျောက်တုံးကျောက်ခဲများကို လေ့လာရေးပြုလုပ်နိုင်ရေးအတွက် လွှတ်တင်ထားခြင်းဖြစ်သည်။ **(အေအက်ဖ်ပီ)**

### ၁၅ရာစုမှကြေးရုပ်တု

၁၅ရာစုခေတ် တရုတ် မင်မင်းဆက်မှ ကြေးရုပ်တုတစ်ခုကို တွေ့ရစဉ်။ **(အောက်ပုံ)**

အဆိုပါ ကြေးရုပ်တုသည် ၁၅ရာစု တရုတ် မင်မင်းဆက် လက်ထက်တွင် ကြေးဖြင့်သွန်း လုပ်ခဲ့သော ရုပ်တုဖြစ်ပြီး မျက်နှာ သုံးခုနှင့် လက်ခြောက်ဖက်ပါ ရှိသည်။

**အမ်အင်အေ၊ရိုက်တာ**

